# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday, 17 December 2022 ၁၀၉၅၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အမှတ်(၅)အဆန် ရန်ကုန်-မန္တလေး လေအိတ်အမြန်ရထားတွဲဆိုင်း ရန်ကုန်ဘူတာကြီးမှ ထွက်ခွာလာသည်ကို တွေ့ရစဉ်။

## ဒီဇင်ဘာကျောင်းပိတ်ရက်ကာလအတွင်း ရန်ကုန် - မန္တလေး လေအိတ်အမြန်ရထားတွဲဆိုင်း နေ့စဉ်ပြေးဆွဲပေးမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

ရထားစီးခရီးသွားမိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေလွယ်ကူစွာ ရထားစီးနင်းနိုင်ကြစေရန်အတွက် ဒီဇင်ဘာကျောင်းပိတ်ရက်ကာလအတွင်း ရန်ကုန်-မန္တလေး လေအိတ်အမြန်ရထားတွဲဆိုင်းကို နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်-မန္တလေးလေအိတ်အမြန်ရထားတွဲဆိုင်းအား ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြေးဆွဲပေးသွားမည်ဖြစ်သည်။ အဆိုပါ အမှတ်(၅)အဆန် ရန်ကုန်-မန္တလေးလေအိတ်အမြန်ရထားတွဲဆိုင်းမှာ ရန်ကုန်ဘူတာကြီးမှ ညနေ ၃ နာရီ ၄၅ မိနစ်တွင် စတင်ထွက်ခွာပြေးဆွဲမည်ဖြစ်ပြီး မန္တလေးဘူတာသို့ နောက်တစ်နေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အမှတ်(၆)အစုန် လေအိတ်အမြန်ရထားတွဲဆိုင်းမှာ မန္တလေးဘူတာမှ ညနေ ၃ နာရီတွင် ပြန်လည်ထွက်ခွာပြေးဆွဲပေးမည်ဖြစ်ပြီး စာမျက်နှာ ၇ ကော်လံ ၁ သို့

### ယနေ့ ဖတ်စရာ


**အစုရှယ်ယာဈေးကွက်တွင် ရှယ်ယာအရေအတွက် အများအပြားရောင်းဝယ်ခြင်း အကြောင်း သိကောင်းစရာ**

ဆောင်းပါး စာမျက်နှာ » ၆

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန "မြန်မာနိုင်ငံ၏ ပထမဆုံးသော ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်း အပြီးသတ်ချိတ်ဆက်လုပ်ငန်းများ ဆောင်ရွက်နေစဉ် ဓာတ်အားစနစ်အတွင်း ဝန်အားလျော့နည်းနေမည့် အခြေအနေအား အများပြည်သူသို့ ကြိုတင်အသိပေးပန်ကြားခြင်း"**

စာမျက်နှာ » ၈

**၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၁၀





ကြေးမုံ

# စတုတ္ထမျိုးဆက်အလွန် ဝေဟင်စွမ်းပကား

ယနေ့ကာလသည် (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့၊ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ဟူသည့် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့် လွတ်လပ်ရေးကြိုးပမ်းမှုဆိုင်ရာ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သော ထူးကဲသည့်နှစ်ကာလဖြစ်သည်။ ထိုသို့ထူးကဲသည့်အခါသမယတွင် မြန်မာ့တပ်မတော်၏ ညီနောင်တပ်ဖွဲ့တစ်ခုဖြစ်သော တပ်မတော် (လေ)လည်း စတင်သန္ဓေတည်မွေးဖွားခဲ့သည့် (၇၅) နှစ်မြောက်စိန်ရတုကာလနှင့်လည်း တိုက်ဆိုင်နေပေသည်။

မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော မျိုးချစ်တပ်မတော်ဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုတပ်မတော်လည်းဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်အပေါ်ကျရောက်လာနိုင်သည့် ပြည်တွင်း/ပြည်ပအန္တရာယ်များကို ကာကွယ်တားဆီးရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်သည့်အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာကြီးမားသော ပြည်ထောင်စုတပ်မတော်ဖြစ်သည်ကို ခေတ်အဆက်ဆက် အထင်အရှားမြင်တွေ့ရမည်ဖြစ်သည်။

အစဉ်အလာကြီးမားသည့် ပြည်ထောင်စုတပ်မတော်ဆိုသည်မှာ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)ဟူသည့် ညီနောင်တပ်ဖွဲ့ သုံးခု ညီညွတ်စွာပေါင်းစုတည်ထောင်ထားသည့် နိုင်ငံတော်လက်ရုံးအဖွဲ့အစည်းမျိုးကိုသာ ခေါ်ဆိုရမည့် အမည်နာမဖြစ်သည်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ် ပြောကြားခဲ့သည်။ တပ်မတော်(လေ)အပါအဝင် နိုင်ငံတော်၏လက်ရုံးညီနောင်တပ်ဖွဲ့တို့သည် နိုင်ငံတော်ကာကွယ်ရေးနှင့် ကျရောက်လာသည့်တာဝန်ဟူသမျှတို့ကို ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီး ဦးဆွေးဆံမြည့် ကျေပွန်စွာထမ်းဆောင်ခဲ့သည်။

တပ်မတော်(လေ)သည် ၇၅ နှစ်တာကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်များအပြင် သဘာဝဘေး ကူညီကယ်ဆယ်ရှာဖွေရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး စသည့် ကဏ္ဍအသီးသီးတွင် ကျရာနေရာမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လေတပ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တပ်ဖွဲ့တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် တပ်မတော်(လေ) အက်ဥပဒေကို ပြဋ္ဌာန်းပြီး စတင်သန္ဓေတည်မွေးဖွားလာခဲ့သည်။ စတင်ဖွဲ့စည်းစဉ်က ပြည်တွင်းသောင်းကျန်းမှုများ တိုင်းပြည်အနှံ့ပေါ်ပေါက်နေသဖြင့် ဖွဲ့စည်းလေ့ကျင့်နေစဉ်အတွင်း တိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

တပ်မတော်(လေ)၏ စိန်ရတုကာလသမိုင်းစဉ်တစ်လျှောက်တွင် ညီနောင်တပ်ဖွဲ့များနှင့်အတူ နိုင်ငံတော်အကျိုးကို ထူးခြားပြောင်မြောက်စွာ ထမ်းဆောင်ခဲ့သည်။ ယနေ့အချိန်ကာလတွင် တပ်မတော်(လေ)သည် မျိုးဆက်သစ်လေသူရဲများဖြင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးတိုက်လေယာဉ်များ၊ နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် အဆင့်မြင့်တိုက်လေယာဉ်/ရဟတ်ယာဉ်များကို အားမာန်အပြည့် မောင်းနှင်ပျံသန်းနိုင်ကြပြီဖြစ်သည်။ နည်းပညာအသုံးပြုစမ်းသပ်ထုတ်လုပ်မှုအပိုင်းတွင် MTX-1A လေယာဉ်နှင့် SR-1 UAV များကို ကိုယ်တိုင်စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာမြင်တွေ့နေရပြီဖြစ်သည်။ တပ်မတော်လေယာဉ်များဖြင့် အလျင်အမြန်စုဖွဲ့ ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် များစွာအထောက်အကူပြုလျက်ရှိသည်။

စိန်ရတုကာလအထိ သမိုင်းအဆက်ဆက် တိုင်းပြည်တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကျေပွန်အောင်ထမ်းဆောင်နိုင်ခဲ့သည့် တပ်မတော်(လေ)၏ အစဉ်အလာကောင်းများကို မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းပြီး ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ဆက်လက်ပါဝင်ဆောင်ရွက်ကြရန်၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်အားလုံးသည် တပ်မတော်ရှိ အခြားသော ညီနောင်တပ်ဖွဲ့များနှင့် ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ နောင်တော်သူရဲကောင်းစစ်သည်တော်များ၏ စွမ်းဆောင်နိုင်ခဲ့မှုများအတွက် ဂုဏ်ယူသင်ခန်းစာယူပြီး နောင်တော်များကဲ့သို့ ပေးအပ်လာမည့် တာဝန်နှင့်ဝတ္တရားများကို ဦးလည်မသုန် ကျေပွန်စွာဆက်လက်ထမ်းရွက်ကြရန်၊ ယခု တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်များကို စစ်သည်တော်ကျင့်ဝတ်ပါ “မိမိလက်နက်ကို ခင်မင်မြတ်နိုးပါ” ဟူသည့်အတိုင်း စည်းကမ်းစနစ်တကျ မြတ်နိုးစွာ ကိုင်တွယ်ပျံသန်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မှာကြားချက်များကို အလေးအနက်ခံယူ ထမ်းဆောင်သွားကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၈၀ / ၂၀၂၂**
၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)
**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင် အား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်
လူငယ်နှင့် တပေအနုပညာပြပွဲ
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆၊ ၂၇၊ ၂၈ ရက်
နေ့စဉ် နံနက် ၀၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီထိ
မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂( MICC-2 )နေပြည်တော်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆-၁၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၀ | ၀ |
| MTSH | ၃,၃၀၀ | ၃,၂၅၀ | ၄၂၄ | ၁,၃၇၉,၂၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂ | ၁၅,၄၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၃ | ၅၈,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၂၃၅ | ၆၁၁,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၄ | ၁၆၆,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၂၈.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၁.၀၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၀၃၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၄.၆၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၃၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၃.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၄၅.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၀.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၀၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံ့ချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅) နှင့် (၀၆၇-၃၄၁၂၇၁၆) သို့ (၂၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်ကျင်းပ






**နေပြည်တော် ဒီဇင်ဘာ ၁၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲပွဲစဉ်ကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော Jeng Phang နော်တောင်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ U-18 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဒီဇင်ဘာ ၁၇ ရက်တွင် ပြိုင်ပွဲတစ်ရက် ရပ်နားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ မွန်းလွဲ ၃ နာရီမှ စတင်၍ U-18 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစာရင်းကောင်စီ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကျင်းပ






**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ စာရင်းကောင်စီ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

**ရွှေရတုတိုင်ခဲ့ပြီ**

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဦးတင်ဦးက မြန်မာနိုင်ငံစာရင်း ကောင်စီကို ၁၉၇၂ ခုနှစ်မှ စတင်၍ ကျင့်ဝတ်သိက္ခာမြင့်မားပြီး အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ တိုးပွားလာစေရန်၊ စာရင်းပညာရပ်များ အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာစံများနှင့်အညီ လိုက်နာကျင့်သုံးနိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းဆောင်ရွက်လာခဲ့သည်မှာ ယခုအခါ နှစ်(၅၀) ရွှေရတု တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုအခမ်းအနားကို နှစ် (၅၀) ကာလအတွင်း မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ စာရင်းပညာရှင်များ ပူးပေါင်း၍ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍနှစ်ရပ်လုံးတွင် စာရင်းပညာ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်မှုများကို ဂုဏ်ပြုသောအားဖြင့် ကျင်းပရခြင်း ဖြစ်ပါကြောင်း။

ယနေ့နိုင်ငံတော်တည်ဆောက်ရေးကာလတွင် နိုင်ငံ၏ဘဏ္ဍာငွေ စီမံခန့်ခွဲမှုအားကောင်း စေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာရင်းပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ သို့ပါ၍ စာရင်းပညာရပ်များ ထွန်းကားပြန့်ပွားစေရေးနှင့် စာရင်းပညာရှင်များ ပိုမိုပေါ်ထွန်းလာစေရေးတို့အတွက် မြန်မာနိုင်ငံစာရင်းကောင်စီ၏ "စာရင်းပညာပြည့်ဝစွာဖြင့် ပျံ့သင်းဂုဏ်ရည်စာရင်းကောင်စီ" ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ စာရင်းပညာရှင်များ ပူးပေါင်း၍ သမိုင်းအစဉ်အလာ ကောင်းများကို နောင်ရာပြည့်နှစ်များတိုင်အောင် ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်း ဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦးက မြန်မာနိုင်ငံစာရင်းကောင်စီ၏ နှစ် (၅၀) ပြည့် ရွှေရတုတိုင် ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုမှတ်တိုင်များကို တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံစာရင်းကောင်စီ နှစ် (၅၀) ပြည့် ရွှေရတု အထိမ်းအမှတ်သီချင်း Video Clip ကို ဖွင့်လှစ်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာရင်းကောင်စီ နာယကကြီးများနှင့် ဝါရင့်စာရင်းပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ဂါရဝပြုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ စာရင်းကောင်စီ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ခင်းကျင်းပြသထားသည့် စာရင်းစစ်ချုပ်ရုံးသမိုင်းကြောင်းနှင့်မှတ်တမ်းများ ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ပထမပိုင်း၊ ဒုတိယပိုင်း) နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း (ပထမပိုင်း၊ ဒုတိယပိုင်း)တို့တွင် ထူးချွန်စွာအောင်မြင်သူများနှင့် ဆုရရှိသော စာတမ်းရှင်များကို ဆုချီးမြှင့်ပြီး မဂ္ဂဇင်းကလောင်ရှင်များ၊ တေးသီချင်းသီကုံးစပ်ဆိုသူ၊ မြန်မာနိုင်ငံ စာရင်းကောင်စီ နှစ် (၅၀)ပြည့် ဆောင်ပုဒ်ရေးသားသူ၊ Logo ဒီဇိုင်းရေးဆွဲသူနှင့် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၊ ဆပ်ကော်မတီတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

**တည်ခင်းဧည့်ခံ**

ယင်းနောက် တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနား တတိယပိုင်းတွင် "နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများ၏ လမ်းပြမြေပုံနှင့် မြန်မာနိုင်ငံ၌ ယင်း၏ စိန်ခေါ်မှုများ"နှင့် "စာရင်းစစ်နှင့် စာရင်းကိုင်များ၏ အနာဂတ်အခန်းကဏ္ဍ" ခေါင်းစဉ်တို့ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပပြီး စကားဝိုင်း ဆွေးနွေးသူများကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။

ယင်းနောက် ဒုတိယစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၁၆

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေး မာသာ ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံးတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် အဆင်ပြေချောမွေ့ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# မဲခေါင်မြစ်ဝှမ်းဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ (၅)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၁၆

မဲခေါင်မြစ်ဝှမ်း ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း (COMMIT)၏ (၅) ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေး (5th COMMIT Inter-Ministerial Meeting-IMM5) ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရုံးအမှတ် (၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇော်မင်းထက် ဦးဆောင်သော ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ COMMIT အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ COMMIT အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ်ဆောင်ရွက်သည့် ထိုင်းနိုင်ငံက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်နိုင်ငံများက ၂၀၂၀-၂၀၂၁ ကာလအတွင်း မဲခေါင်ဒေသခွဲတွင်းလုပ်ငန်းစီမံချက် (SPA IV) အကောင်အထည်ဖော်မှု၊ မဲခေါင်ဒေသခွဲတွင်း လုပ်ငန်းစီမံချက် (SPA IV) အကောင်အထည်ဖော်ခြင်း၏ သက်ရောက်မှုများ၊ ရရှိခဲ့သော သင်ခန်းစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ် အောင်ဌေးမြင့်က မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ဆက်စပ်၍ လူကုန်ကူးခံရနိုင်ခြေ အန္တရာယ်အများဆုံးရှိသော လူမှုအသိုင်းအဝိုင်း ဖြစ်သည့် အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားများ၊ လမ်းပေါ်နေထိုင်သူများ၊ လမ်းပျော်များ၊ ဆယ်ကျော်သက် ကျား/မ လူငယ်လူရွယ်များကို ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၀-၂၀၂၁ ကာလအတွင်း လူကုန်ကူးမှုဖြစ်ပွားနိုင်ခြေမှ ကာကွယ်တားဆီးနိုင်မှု ၈၁ မှုနှင့် ကျူးလွန်ခံရနိုင်ခြေရှိသူ ကျား ၄၆၈ ဦး၊ မ ၃၇၂ ဦး၊ စုစုပေါင်း ၈၄၀ တို့ကို ကြိုတင်ကာကွယ်တားဆီးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်းတွင်လည်း မြန်မာရွှေ့ပြောင်းလုပ်သားများသည် နိုင်ငံရပ်ခြားသို့ ပြန်လည်ထွက်ခွာကြမည်ဖြစ်ပြီး ကျင့်ဝတ်နှင့်ညီသည့် လုပ်သားစုဆောင်းမှုများဖြစ်စေရန် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လုပ်သားများပြန်လည်ထွက်ခွာရာတွင် တရားဝင်ဖြစ်စေရေး ကြိုတင်စီမံဆောင်ရွက်လျက်ရှိပြီး ဆိုက်ရောက်ရာနိုင်ငံများ၏ အစိုးရများနှင့် အလုပ်ရှင်များအနေဖြင့်လည်း လုပ်သားအခွင့်အရေးများ ပြည့်ဝစွာရရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန် တိုက်တွန်းလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများတွင် လူကုန်ကူးခံနေကြရသည့် မြန်မာနိုင်ငံသားများကို ဆိုက်ရောက်နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည့် ကူညီထောက်ပံ့ပေးမှုများ (နစ်နာကြေး/ လျော်ကြေးလုပ်ခလစာ/ ထောက်ပံ့ကြေး) ရရှိရေး ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ် တတိယသုံးလပတ်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခြောက်ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ၂၅ ဦး စုစုပေါင်း ၃၁ ဦးတို့ကို မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ အောင်မြင်မှုသည် COMMIT အဖွဲ့ဝင်နိုင်ငံများ အကြားတွင် ကောင်းမွန်သည့် မိတ်ဖက်ဆက်ဆံရေး၏ ရလဒ်ကြောင့်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသားများအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကို အထူးကျေးဇူးတင်ရှိကြောင်း။

ဆက်လက်ပြီး လူကုန်ကူးသူများက social media အသုံးပြု၍ လိမ်လည်စုဆောင်းသည့်အန္တရာယ်များ ဖြစ်ပေါ်လာသဖြင့် ကျူးလွန်သည့်မှုခင်းများကို စုံစမ်းဖော်ထုတ်နိုင်ရန် နည်းပညာဆိုင်ရာ အထောက်အကူပစ္စည်းများ အပြန်အလှန်ဖလှယ်ခြင်း၊ နိုင်ငံအသီးသီး၏ မတူကွဲပြားသော လူကုန်ကူးမှုဥပဒေများနှင့် ပြည်တွင်းတည်ဆဲဥပဒေများ၊ တရားခံများ၏ ပြောင်းလဲ အသုံးပြုလာသည့် ကျူးလွန်ပုံကျူးလွန်နည်းများနှင့် နည်းပညာတိုးတက်မှုတို့ကြောင့် မှုခင်းများ စုံစမ်းဖော်ထုတ်ရန် ခက်ခဲခြင်းကို ကိုင်တွယ်ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် ဖြစ်ပေါ်လာသော လူကုန်ကူးမှုများ လျော့ပါးစေရေးအတွက် မှန်ကန်သော အလုပ်သမားစုဆောင်းမှုများ ပိုမိုအားကောင်းစေရေး တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို အလေးထား ဆောင်ရွက်ကြရန် အကြံပြုဆွေးနွေးလိုကြောင်း ပြောကြားသည်။

ထို့နောက် ကဏ္ဍစုံချဉ်းကပ်ဆောင်ရွက်ခြင်းဖြင့် မဲခေါင်ဒေသခွဲတွင်း လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်များအပေါ် အောင်မြင်စွာဆောင်ရွက်နိုင်မှုများ၊ နိုင်ငံဖြတ်ကျော် လွှဲပြောင်းညွှန်းပို့မှုယန္တရား (Transnational Referral Mechanism-TRM) ဖွံ့ဖြိုးတိုးတက်မှု၊ မဲခေါင်ဒေသခွဲတွင်း လုပ်ငန်းစီမံချက်(SPA V) ရေးဆွဲ ဖော်ထုတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ် နှစ်စီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာနှင့် မင်္ဂလာဒုံစက်မှုဇုန်ရှိ အာမခံအလုပ်သမားများကို ကွင်းဆင်းဆေးကုသ

ရန်ကုန် ဒီဇင်ဘာ ၁၆

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ထန်းတပင်ဆေးရုံကြီးမှ ခေတ္တဆေးရုံအုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနတာဝန်ခံများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန်နှင့် မင်္ဂလာဒုံစက်မှုဇုန်တို့မှ လူမှုဖူလုံရေးအကျုံးဝင်အလုပ်သမားများကို စက်ရုံအရောက် ကွင်းဆင်းဆေးကုသဝန်ဆောင်ပေးနေမှုကို ကြည့်ရှုအားပေးသည်။




ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့ကို အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနဖြစ်စေရန်၊ အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဥပဒေပါ အကျိုးခံစားခွင့်များကို အချိန်မီရရှိခံစားစေရေး စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အာမခံအလုပ်သမား ၈၈၄၁၈၇ ဦးရှိပြီး အကျုံးဝင်မြို့နယ်ပေါင်း ၁၁၆ မြို့နယ်နှင့် စက်ရုံ၊အလုပ်ရုံ၊ အလုပ်ဌာနပေါင်း ၃၄၅၇၉ ခုရှိ၍ အာမခံလုပ်သား ၁၂၃၄၁၉၂ ဦး ရှိပြီဖြစ်ကြောင်း။

အာမခံအလုပ်သမားများအနေဖြင့် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၇ ခန်း၊ ပုဂ္ဂလိကနှင့် လူမှုဖူလုံရေးအဖွဲ့ ပူးပေါင်းဖွင့်လှစ်သည့် Provider Purchaser Split စနစ်ဖြင့် Fee For Service ဆေးခန်း ၁၂ ခန်း ၊ Capitation Payment ဆေးခန်း ၂၅ ခန်း၊ သားဖွားမီးယပ်ဝန်ဆောင်မှုဆေးခန်း ရှစ်ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းနှင့် ရွေ့လျားဆေးကုသယာဉ် နှစ်စီးဖြင့် ဆေးကုသမှုခံယူနိုင်ကြောင်း။

လူမှုဖူလုံရေးအဖွဲ့မှ လုပ်သားအင်အားနှင့် စက်ရုံ၊ အလုပ်ရုံများပြားသည့် စက်မှုဇုန်ကြီးများသို့ ဦးစားပေး၍ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်စက်မှုဇုန်များသို့လည်း ကွင်းဆင်းဆောင်ရွက်သွားရန်ရှိကြောင်း ပြောကြားသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲတွင် ပါဝင်တီးခတ်ဖျော်ဖြေမည့် နိုင်ငံတော်သံစုံတီးဝိုင်းလေ့ကျင့်မှု ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ၌ ဖျော်ဖြေတင်ဆက်မည့် နိုင်ငံတော်သံစုံတီးဝိုင်း တီးခတ်လေ့ကျင့်မှုကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(ဘီ)တွင် နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့၏ MNSO Overture သံစဉ်ဖြင့် အဖွင့်တီးခတ်ဖျော်ဖြေမှု၊ စန္ဒရားလှထွဋ်ရေးစပ်သီဆိုထားသည့် "အချစ်ဘယ်ကစ"၊ "အလှသစ္စာတရား" တေးသီချင်းများဖြင့်တီးခတ်ဖျော်ဖြေသီဆိုမှုနှင့် X Conon D Major သံစဉ်တီးခတ်မှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့အား တွေ့ဆုံမှာကြားရာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံအတွက် အထူးအရေးပါသည့် ဂုဏ်ယူဖွယ်ရာ နေ့ထူးနေ့မြတ်ဖြစ်ပြီး (၇၅)နှစ်ဆိုသည့် စိန်ရတုအချိန်အခါနှင့် တိုက်ဆိုင်မှုမှာလည်း ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခုဖြစ်ပါကြောင်း၊ ထိုကဲ့သို့ နေ့ထူးနေ့မြတ်တွင် ခမ်းနားထည်ဝါစွာနှင့် ဂုဏ်ယူစွာကျင်းပမည့် အခမ်းအနားများ အနက်မှ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နိုင်ငံတော်သံစုံတီးဝိုင်း အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ဖျော်ဖြေခွင့်ရရှိခြင်း ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဖျော်ဖြေခွင့်ရရှိချိန်တွင် တစ်ဦးချင်းစီမှစပြီး တစ်ဖွဲ့လုံးအနေဖြင့် အချိုးညီစွာပေါင်းစပ်တီးခတ်မှုနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေနိုင်ရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ဖျော်ဖြေတင်ဆက်ရသည့်အတွက် တစ်ဦးချင်းလေ့လာမှုနှင့် တစ်ဖွဲ့လုံးစုပေါင်းလေ့ကျင့်မှုတို့အပြင် ဝတ်စုံမှစ၍ သပ်သပ်ရပ်ရပ်ဖြစ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျင်းပပြုလုပ်လျက်ရှိသည့် " တူယှဉ်နွှဲပျော် ဂီတပွဲတော်" Season -2 သီချင်းဆိုပြိုင်ပွဲတွင် ချီးမြှင့်မည့် ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းများအား ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျင်းပလျက်ရှိသည့် "တူယှဉ်နွှဲပျော် ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲတွင် ချီးမြှင့်ရန် ပြင်ဆင်ခင်းကျင်းပြသထားသည့် ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသား ကျောင်းသူများ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်း ပဟေဠိ- ဒေသတွင်းအဆင့် (10th ASEAN Quiz – Regional Level) ပြိုင်ပွဲသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။



ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ - ဒေသတွင်းအဆင့် (10th ASEAN Quiz – Regional Level) ကို ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့သည်။

အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)တွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းနှင့် အာဆီယံဒေသဆိုင်ရာ အထွေထွေဗဟုသုတများကို Multiple Choice , Fill in the Blank, True or False, Mixed Question ပွဲစဉ် လေးခုဖြင့် အာဆီယံနိုင်ငံများမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆုကို မြန်မာနိုင်ငံ၊ ဒုတိယဆုကို မလေးရှားနိုင်ငံနှင့် တတိယဆုကို လာအိုနိုင်ငံတို့က ရရှိကြသည်။

အဆိုပါ အာဆီယံနိုင်ငံများမှ ကိုယ်စားပြု တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူများသည် ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော်ရှိ ကျောက်မျက်ပြတိုက်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာကြည့်ရှုကြပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့ရှိ စိန်ဂျွန်း City Mall နှင့် ရန်ကုန်မြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကာ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များသည် ယမန်နေ့နှင့် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ဒေသတွင်းလူငယ်များအကြား ခိုင်မာအားကောင်းသည့် ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုနိုင်စေရန် ၂၀၀၂ ခုနှစ်မှ စတင်၍ အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်အရ နှစ်နှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပခြင်းဖြစ်သည်။

ပထမအကြိမ်ပြိုင်ပွဲမှ အဋ္ဌမအကြိမ်အထိ လက်ခံကျင်းပခဲ့သည့် အိမ်ရှင်နိုင်ငံများက အာဆီယံဒေသတွင်းရှိ ကျောင်းသားလူငယ်များကို လူကိုယ်တိုင်ပါဝင်တက်ရောက်ရန် ဖိတ်ကြားခဲ့ကြပြီး in person event အဖြစ်သာ ကျင်းပခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် နဝမအကြိမ်မြောက် အာဆီယံဒေသတွင်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၌ ကိုဗစ်-၁၉ ရောဂါ ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားမှုအခြေအနေများကြောင့် လူကိုယ်တိုင်တက်ရောက်သည့် Physical Event အဖြစ် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ Online Event အဖြစ်သာ စီစဉ်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် ဗီယက်နမ်တို့က လူကိုယ်တိုင်တက်ရောက်ပြီး ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့က Online ဖြင့် ပါဝင်ယှဉ်ပြိုင်သည့် Hybrid ပုံစံဖြင့် စနစ်တကျ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ငူ၌ ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန် လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဆရာကွန်းခန်းမ၌ ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက အဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သူဇာဝင်း၊ တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်ဝင်းဝင်းမော်တို့က ဆောင်ရွက်ခဲ့ပြီး ကျောင်းသား ကျောင်းသူခြောက်ဦးက လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ကြီးပွားရေး၊ လူငယ်နှင့်စာဖတ်ခြင်း စသည့်ခေါင်းစဉ်တို့ကို တစ်ဦးချင်းအလိုက် ဆွေးနွေးကြသည်။ ထို့နောက်တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အစုရှယ်ယာဈေးကွက်တွင် ရှယ်ယာအရေအတွက် အများအပြားရောင်းဝယ်ခြင်းအကြောင်း သိကောင်းစရာ

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ ဈေးကွက်စုံစမ်းထောက်လှမ်းခြင်းဌာန**

ကမ္ဘာ့စတော့အိတ်ချိန်းအဖွဲ့ချုပ်ရဲ့ ၂၀၂၂ ခုနှစ် စက်တင်ဘာလစာရင်းတွေအရ အဖွဲ့ဝင်နိုင်ငံတွေရဲ့ စတော့အိတ်ချိန်းတွေမှာ စာရင်းဝင်ထားကြတဲ့ ကုမ္ပဏီအရေအတွက် ၅၉၄၀၀ ရှိပြီး ဈေးကွက်မှာ ရင်းနှီးမြှုပ်နှံထားငွေစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၉၄ ထရီလီယံရှိတယ်လို့ ဆိုပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းမှာ ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားတဲ့ ရင်းနှီးမြှုပ်နှံသူ ၄၅၀၀၀ နီးပါးရှိပြီး ဈေးကွက်မှာ ရင်းနှီးမြှုပ်နှံငွေကျပ် ၆၉၆၄၁၇ သန်း ရှိပါတယ်။ ဒါ့အပြင် စာရင်းဝင်ကုမ္ပဏီ ခုနစ်ခုရဲ့ အစုရှယ်ယာ ၁၂၈ ဒသမ ၂၁ သန်းအနက် ဈေးကွက်မှာ ဝယ်နိုင်ရောင်းနိုင်တဲ့ အစုရှယ်ယာတွေကို နေ့စဉ်ရောင်းဝယ်လျက်ရှိပါတယ်။

**ပုံ-၁။ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ ခုနစ်ခု၏ထုတ်ဝေထားသည့် အစုရှယ်ယာနှင့် ဈေးကွက်ရင်းနှီးမြှုပ်နှံငွေ**

| စဉ် | စာရင်းဝင်ကုမ္ပဏီ အမည် | ထုတ်ဝေထားသည့် အစုရှယ်ယာ | ဈေးကွက်ရင်းနှီးမြှုပ်နှံငွေ (ကျပ် သန်း) |
|---|---|---|---|
| ၁ | FMI | ၃၃,၁၀၉,၆၉၄ | ၃၀၁,၂၉၈ |
| ၂ | MTSH | ၃၈,၉၂၉,၁၅၀ | ၁၂၈,၄၆၆ |
| ၃ | MCB | ၁၀,၄၀၀,၉၈၆ | ၈၀,၀၈၈ |
| ၄ | FPB | ၂,၄၇၂,၀၅၃ | ၄၈,၂၀၅ |
| ၅ | TMH | ၁၂,၈၂၃,၂၂၄ | ၃၃,၉၈၂ |
| ၆ | EFR | ၁၉,၉၇၇,၂၂၃ | ၅၂,၉၄၀ |
| ၇ | AMATA | ၁၀,၄၉၇,၅၉၈ | ၅၁,၄၃၈ |
| စုစုပေါင်း | | ၁၂၈,၂၀၉,၉၂၈ | ၆၉၆,၄၁၇ |

**ဇာစ်မြစ်။ ရန်ကုန်စတော့အိတ်ချိန်း (www.ysx-mm.com accessed on 31-10-2022)**

ဒီနေရာမှာအလျဉ်းသင့်လို့ ရန်ကုန်စတော့အိတ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်နေတဲ့ ဈေးကွက်မှာ ရောင်းဝယ်နိုင်တဲ့ အစုရှယ်ယာများအကြောင်း တင်ပြပါရစေ။ ဈေးကွက်မှာ ရောင်းဝယ်နိုင်တဲ့ အစုရှယ်ယာဆိုတာက ရန်ကုန်စတော့အိတ်ချိန်းက ထုတ်ပြန်ထားတဲ့ "Enforcement Regulations for Securities Listing Business Regulation" အပိုဒ်(၁)မှာ ဖော်ပြထားတဲ့အတိုင်း ကုမ္ပဏီက ထုတ်ဝေထားတဲ့ စုစုပေါင်းအစုရှယ်ယာရဲ့ ၁၀ ရာခိုင်နှုန်းနဲ့အထက် ပိုင်ဆိုင်သူ၊ အစုရှယ်ယာထုတ်ဝေတဲ့ကုမ္ပဏီရဲ့ ဒါရိုက်တာ ဒါမှမဟုတ် အလားတူပုဂ္ဂိုလ်၊ အစုရှယ်ယာ ထုတ်ဝေသူ၊ သူ့ရဲ့ဇနီး ဒါမှမဟုတ် ခင်ပွန်း ဒါမှမဟုတ် အစုရှယ်ယာ ထုတ်ဝေတဲ့ကုမ္ပဏီနဲ့ ဆက်စပ်ကုမ္ပဏီ ဒါမှမဟုတ် အဲဒီကုမ္ပဏီရဲ့ဒါရိုက်တာတွေပိုင်ဆိုင်တဲ့ အစုရှယ်ယာတွေမှအပ ကျန်တဲ့အစုရှယ်ယာတွေ ဖြစ်ပါတယ်။

ရန်ကုန်စတော့အိတ်ချိန်းအစုရှယ်ယာဈေးကွက်မှာ အရောင်းအဝယ်ပြုလုပ်တော့မယ်ဆိုရင် ရန်ကုန်စတော့အိတ်ချိန်းက ထုတ်ပြန်ထားတဲ့ Trading Business Regulations ရဲ့ အပိုင်း(၆)ကို လေ့လာစေလိုပါတယ်။ အစုရှယ်ယာတွေရောင်းဝယ်ရာမှာ ဈေးပြိုင်စနစ်(call auction)နဲ့ ရောင်းဝယ်နိုင်သလို ပမာဏအများအပြားရောင်းဝယ်ဆောင်ရွက်ခြင်း(Block Trading)စနစ်နဲ့လည်း ရောင်းဝယ်နိုင်ပါတယ်။ ယခုတင်ပြမှာကတော့ အစုရှယ်ယာတွေကို ပမာဏအများအပြား ဝယ်ယူလိုတဲ့သူတွေ ဝယ်ယူနိုင်မယ့်နည်းလမ်းတွေကို တင်ပြမှာဖြစ်ပါတယ်။

**ဈေးကွက်မှာအစုရှယ်ယာအရေအတွက် အများအပြားဝယ်ယူခြင်းဆိုင်ရာနည်းလမ်းများ**

ရန်ကုန်စတော့အိတ်ချိန်းဟာ စာရင်းဝင်ကုမ္ပဏီတွေရဲ့ အစုရှယ်ယာတွေကို ပမာဏအများအပြား ဝယ်ယူလိုတဲ့သူတွေ ဝယ်ယူနိုင်အောင် ဒီနှစ်စက်တင်ဘာလကစပြီး လမ်းညွှန်ချက်အသစ်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီလမ်းညွှန်ချက်ဟာ အစုရှယ်ယာအများအပြား ပိုမိုဝယ်ယူနိုင်အောင်ခွင့်ပြုတဲ့ လမ်းညွှန်ချက်ဖြစ်ပါတယ်။ အဲဒီလမ်းညွှန်ချက်မတိုင်ခင်က ထုတ်ပြန်ခဲ့တဲ့လမ်းညွှန်ချက် (Guideline of a Block Trade -ver. 3.0) ကို ၂၀၂၀ ပြည့်နှစ် မတ်လမှာ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီ Version 3.0 အရ ရှယ်ယာအရေအတွက်အများအပြားရောင်းဝယ်ချင်တဲ့ ရင်းနှီးမြှုပ်နှံသူတွေဟာ သတ်မှတ်ချက်(၅)ချက်နဲ့ ညီညွတ်ရမှာဖြစ်ပါတယ်။ ပထမအချက်က အစုရှယ်ယာအရေအတွက် ၁၀၀၀၀ နဲ့ အထက်ရောင်းဝယ်နိုင်ဖို့ ရန်ကုန်စတော့အိတ်ချိန်းမှာ ဈေးပြိုင်စနစ်နဲ့ ရောင်းဝယ်ခြင်း မဟုတ်ပေမယ့် အရောင်းအဝယ်ဆောင်ရွက်မှုကို ရန်ကုန်စတော့အိတ်ချိန်းက သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒုတိယအချက်က အဲဒီလို ပမာဏအများအပြားရောင်းဝယ်မှုကို ယေဘုယျအားဖြင့် ရောင်းသူနဲ့ ဝယ်သူနှစ်ဦး သီးခြားကြိုတင်ညှိနှိုင်းရပါတယ်။ ပြီးတဲ့နောက် စတော့အိတ်ချိန်းမှာ အရေအတွက် အများအပြား ရောင်းဝယ်မယ်ဆိုတဲ့ လျှောက်လွှာကြိုတင်ပေးပို့ရမှာ ဖြစ်ပါတယ်။ တတိယအချက်က ရင်းနှီးမြှုပ်နှံသူအနေနဲ့ စတော့အိတ်ချိန်းရဲ့ ဈေးပြိုင်စနစ်မှာ ပမာဏအများအပြားဝယ်ယူတဲ့အခါမှာ ဈေးကွက်မှာ အကျိုးသက်ရောက်မှုဖြစ်မှာကို ရှောင်ရှားဖို့ဖြစ်ပါတယ်။ စတုတ္ထအချက်က အရေအတွက် အများအပြားရောင်းဝယ်မှုကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုတည်းမှာသာမက ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ နှစ်ခုကြားမှာပါ ဆောင်ရွက်နိုင်ပါတယ်။ ပဉ္စမအချက်က အရေအတွက်အများအပြားရောင်းဝယ်တဲ့ဈေးနှုန်းက ရန်ကုန်စတော့အိတ်ချိန်းက သတ်မှတ်ထားတဲ့အတိုင်း နောက်ဆုံးဖြစ်ခဲ့တဲ့ ဈေးကွက်ပေါက်ဈေးနဲ့ သိပ်ပြီးမကွာဖို့လိုပါတယ်။

အထက်မှာ တင်ပြခဲ့သလို ၁-၉-၂၀၂၂ ရက်နေ့က စတင်ပြီး ပြောင်းလဲပြင်ဆင်ခဲ့တဲ့ လမ်းညွှန်ချက် (Guideline of a Block Trade-ver.4.0) မှာတော့ အနည်းဆုံးသတ်မှတ်ချက်ပမာဏကို ယခင်က အစုရှယ်ယာ ၁၀၀၀၀ နှင့်အထက် သတ်မှတ်ချက်အစား အစုရှယ်ယာ ၁၀၀၀၀ သို့မဟုတ် အရောင်းအဝယ်တန်ဖိုးကျပ် ၃၀ ဒသမ ၀ သန်းဆိုပြီး ပထမအချက်ကိုသာ ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ ကျန်တဲ့လေးချက် ပြောင်းလဲမှု မရှိတာကို တွေ့ရပါတယ်။

**ပုံ-၂။ အစုရှယ်ယာအရေအတွက်အများအပြားရောင်းဝယ်ခြင်းဆိုင်ရာစည်းကမ်းချက်များ**

| | |
|---|---|
| လျှောက်လွှာပေးပို့ခြင်း | ဖက်စ် သို့မဟုတ် အီးမေးလ် |
| အရောင်းအဝယ်ဆောင်ရွက်ချိန် | မနက် ၉:၃၀ နာရီ မှ နေ့လယ် ၁:၃၀ နာရီထိ |
| အရောင်းအဝယ်ဆောင်ရွက်ပေးမည့် အဖွဲ့အစည်း | ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုအတွင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ နှစ်ခုကြား |
| အနည်းဆုံးသတ်မှတ်ချက်ပမာဏ | အစုရှယ်ယာ ၁၀,၀၀၀ သို့မဟုတ် အရောင်းအဝယ်တန်ဖိုးကျပ် ၃၀.၀ သန်း |
| အရောင်းအဝယ်ဈေးနှုန်း | ရန်ကုန်စတော့အိတ်ချိန်းဈေးပြိုင်စနစ်တွင် နောက်ဆုံးအရောင်းအဝယ်ဖြစ်မြောက်သည့် ဈေးနှုန်း၏ ± ၅ % အတွင်း<br>● ၁၀:၀၀ နာရီမတိုင်မီ - အခြေခံဈေးနှုန်း<br>● ၁၀:၀၀-၁၀:၃၀နာရီ - ၁၀:၀၀နာရီကိုက်ညှိဈေး<br>● ၁၀:၃၀-၁၁:၀၀နာရီ - ၁၀:၃၀နာရီကိုက်ညှိဈေး<br>● ၁၁:၀၀-၁၁:၃၀နာရီ - ၁၁:၀၀နာရီကိုက်ညှိဈေး<br>● ၁၁:၃၀-၁၂:၀၀နာရီ - ၁၁:၃၀နာရီကိုက်ညှိဈေး<br>● ၁၂:၀၀-၁၂:၃၀နာရီ - ၁၂:၀၀နာရီကိုက်ညှိဈေး<br>● ၁၂:၃၀-၁၃:၀၀နာရီ - ၁၂:၃၀နာရီကိုက်ညှိဈေး<br>● ၁၃:၀၀-၁၃:၃၀နာရီ - ၁၃:၀၀နာရီကိုက်ညှိဈေး |
| စာရင်းရှင်းလင်းသည့်နေ့ | T+3(အရောင်းအဝယ်ဖြစ်မြောက်သည့်နေ့ပြီး နောက် (၃) ရက်မြောက်နေ့)။ |

**ဇာစ်မြစ်။ https://ysx-mm.com/wp-content/uploads/2022/08/gl_bt_en_01092022.pdf**

အဲဒီပြင်ဆင်ထားတဲ့ လမ်းညွှန်ချက်မှာ အစုရှယ်ယာအရေအတွက် အများအပြားဝယ်ယူခြင်း လုပ်ငန်းစဉ်(၄)ဆင့်ကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်။ ပထမအဆင့်က ရောင်းသူနဲ့ ဝယ်သူအကြား အစုရှယ်ယာအရေအတွက် အများအပြားဝယ်ယူဖို့ စည်းကမ်းချက်တွေ ကြိုတင်ညှိနှိုင်းဖို့ဖြစ်ပါတယ်။ ဒုတိယအဆင့်က အရောင်းအဝယ်ဆောင်ရွက်မယ့်အချိန်ကို ရန်ကုန်စတော့အိတ်ချိန်းထံ လျှောက်လွှာတင်ဖို့ဖြစ်ပါတယ်။ တတိယအဆင့်က ရန်ကုန်စတော့အိတ်ချိန်းက လျှောက်လွှာကိုအတည်ပြုဖို့ဖြစ်ပါတယ်။ နောက်ဆုံးဖြစ်တဲ့စတုတ္ထအဆင့်က အရောင်းအဝယ်ဖြစ်ခဲ့တဲ့ အချက်အလက်တွေကို ရန်ကုန်စတော့အိတ်ချိန်းနဲ့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီရဲ့ ICT စနစ်မှာ မှတ်တမ်းတင်ဖို့ဖြစ်ပါတယ်။

**ပုံ-၃။ အစုရှယ်ယာအများအပြားဝယ်ယူခြင်းဆိုင်ရာလုပ်ငန်းစဉ်(၄)ဆင့်**




**ဇာစ်မြစ်။ https://ysx-mm.com/wp-content/uploads/2022/08/gl_bt_en_01092022.pdf**

> **"၂၀၂၂ ခုနှစ် အောက်တိုဘာလမှာတော့ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီ ခုနစ်ခုတို့ရဲ့ အစုရှယ်ယာတန်ဖိုးစုစုပေါင်းကျပ် ၈၁၄ ဒသမ ၇၁ သန်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ယခင်နှစ် အလားတူကာလဖြစ်တဲ့ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ တန်ဖိုးစုစုပေါင်းကျပ် ၅၉၄ ဒသမ ၄၄ သန်းနဲ့နှိုင်းယှဉ်ရင် ကျပ် ၂၂၀ ဒသမ ၂၇ သန်းပိုမိုလာခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃၇ ရာခိုင်နှုန်း မြင့်တက်ခဲ့တာကိုတွေ့ရ"**

စာမျက်နှာ ၇ သို့ ■

# ဒုတိယဝန်ကြီး ဦးမြင့်စိုး တပ်ကုန်းမြို့နယ်၏ စနစ်ကျလယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက ဖော်ထုတ်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဝွေးပင်ကျေးရွာအုပ်စုနှင့် ထန်းတောကြီးကျေးရွာအုပ်စု နှစ်စုတွင် စနစ်ကျလယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက ဖော်ထုတ်ပြီး ဆောင်းရာသီ နေကြာသီးနှံစိုက်ပျိုးမည့်အခြေအနေများနှင့် နှမ်းစပါးဆက်လက်စိုက်ပျိုးမည့် အခြေအနေများကို တောင်သူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ငွေကျပ်သန်း ၇၀ နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ငွေကျပ် ၂၈၀ ဒသမ ၅၄ သန်း စုစုပေါင်းငွေကျပ် ၃၅၀ ဒသမ ၅၄ သန်းဖြင့် စနစ်ကျလယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက ဖော်ထုတ်ဆောင်ရွက်မှု အချိန်မီပြီးစီးရေး၊ နှမ်းစပါးနှင့် ဆောင်းသီးနှံများအတွက် ရေရရှိရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးရေး၊ ထွက်ရှိလာသော စပါးနှင့် သီးနှံများကို သမဝါယမစနစ်ဖြင့် ပြန်လည်ဝယ်ယူကြိတ်ခွဲဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဒေသခံပြည်သူများ တောင်သူလယ်သမားများနှင့် တွေ့ဆုံရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ရွှေးစုကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမစနစ်ဖြင့် နှမ်းစပါး၊ မိုးစပါးများ ဝယ်ယူကြိတ်ခွဲပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆောင်းသီးနှံနှင့် ဆက်လက်စိုက်ပျိုးမည့် သီးနှံများအတွက် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းဖြင့် ရန်ပုံငွေများ ထုတ်ပေးပြီး ဆောင်းသီးနှံ ပဲတီစိမ်းနှင့် နှမ်းစပါးစိုက်ပျိုးမည့် အခြေအနေနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအတွက် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဒေသနှင့်ကိုက်ညီသော ဆီထွက်သီးနှံများ စိုက်ပျိုးကြရေး ပြောကြားပြီး ကျေးရွာမှ တင်ပြသော ကျေးလက်ကုန်ထုတ်လမ်းများ ဆက်လက်ဖောက်လုပ်ပေးရေး၊ ကျေးရွာအဝင်လမ်းအား ကျောက်ချောလမ်းအဆင့်မှ ကွန်ကရစ်လမ်းအဆင့်အထိ တိုးမြှင့်ဖောက်လုပ်ပေးရေးနှင့် ကျေးရွာရှိ လူငယ်လူရွယ်များအတွက် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဝါးလက်မှုသင်တန်းပို့ချပေးရေး ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရန်ကုန်ပညာရေးတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁၆

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးဟောပြောပွဲနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဒု-ပါမောက္ခချုပ်(စီမံ)၊ ပါမောက္ခ(ဌာနမှူး)များ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ ပါမောက္ခများ၊ မော်ကွန်းထိန်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်ပညာရေးတက္ကသိုလ် ဒု-ပါမောက္ခချုပ် ဒေါက်တာခင်ခင်ဦးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲမှရရှိသော အသိပညာများ၊ မှတ်သားစရာများ လိုက်နာဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရဲမှူးမြင့်နိုင်၊ ဒု-ရဲမှူးစိုးမင်းအောင်၊ ရဲအုပ် အောင်ကျော်မိုးတို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောကြသည်။

ယင်းနောက် ရန်ကုန်ပညာရေးတက္ကသိုလ် ဒု-ပါမောက္ခချုပ် ဒေါက်တာခင်ခင်ဦး၊ မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး)ဒေါက်တာမူယာ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)ဒေါ်ရီရီမြင့်တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပိုစတာပြိုင်ပွဲတွင် (ပထမဆု၊ ဒုတိယဆု၊ တတိယဆု)ရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၆ မှ

အဆိုပါ အစုရှယ်ယာအရေအတွက်အများအပြားဝယ်ယူခြင်းဆိုင်ရာ လမ်းညွှန်ချက်ကို ပြင်ဆင်ခဲ့ပြီး နောက်ပိုင်း ရန်ကုန်စတော့အိတ်ချိန်းမှာ အရေအတွက်အများအပြားဝယ်ယူမှုတွေ တိုးတက်လာတာတွေ့ရပါတယ်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှာ အရေအတွက်အများအပြားဝယ်ယူမှုဟာ ကျပ်၁၂၇ ဒသမ ၆၀ သန်းဖြစ်တဲ့အတွက် ပြီးခဲ့တဲ့နှစ် အလားတူကာလဖြစ်တဲ့ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှာ ဝယ်ယူခဲ့တဲ့ ကျပ် ၃၃ ဒသမ ၄၂ သန်းနဲ့နှိုင်းယှဉ်ရင် ကျပ် ၉၄ ဒသမ ၁၈ သန်းပိုမိုခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၈၁ ရာခိုင်နှုန်း တိုးတက်လာပါတယ်။

**ပုံ-၄။စာရင်းဝင်ကုမ္ပဏီများ၏အစုရှယ်ယာအရောင်းအဝယ်ဖြစ်မှုအခြေအနေ(၂၀၂၂၊ အောက်တိုဘာ)**

(ကျပ် သန်း)

| ကုမ္ပဏီအမည် | ပုံမှန်ရောင်းဝယ်ခြင်း (Auction) | | အရေအတွက်အများအပြားရောင်းဝယ်ခြင်း (Block Trading) | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | အောက်တိုဘာလ ၂၀၂၂ | အောက်တိုဘာလ ၂၀၂၁ | အောက်တိုဘာလ ၂၀၂၂ | အောက်တိုဘာလ ၂၀၂၁ | အောက်တိုဘာလ ၂၀၂၂ | အောက်တိုဘာလ ၂၀၂၁ |
| FMI | ၁၃၂.၄၄ | ၁၅၆.၃၅ | ၆၀.၂၂ | - | ၁၉၂.၆၆ | ၁၅၆.၃၅ |
| MTSH | ၃၃၇.၂၇ | ၂၁၅.၀၀ | ၃၆.၅၀ | ၃၃.၄၂ | ၃၇၃.၇၇ | ၂၄၈.၄၂ |
| MCB | ၁၆.၁၁ | ၂.၅၉ | - | - | ၁၆.၁၁ | ၂.၅၉ |
| FPB | ၁၂၅.၄၈ | ၁၆၄.၉၁ | - | - | ၁၂၅.၄၈ | ၁၆၄.၉၁ |
| TMH | ၂၆.၃၈ | ၆.၈၃ | - | - | ၂၆.၃၈ | ၆.၈၃ |
| EFR | ၂၅.၉၇ | ၅.၃၉ | - | - | ၂၅.၉၇ | ၅.၃၉ |
| AMATA | ၂၃.၄၆ | ၉.၉၅ | ၃၀.၈၈ | - | ၅၄.၃၄ | ၉.၉၅ |
| စုစုပေါင်း | ၆၈၇.၁၁ | ၅၆၁.၀၂ | ၁၂၇.၆၀ | ၃၃.၄၂ | ၈၁၄.၇၁ | ၅၉၄.၄၄ |

**ဇာစ်မြစ်။ ရန်ကုန်စတော့အိတ်ချိန်း (www.ysx-mm.com)**

၂၀၂၂ ခုနှစ် အောက်တိုဘာလမှာတော့ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီ ခုနစ်ခုတို့ရဲ့ အစုရှယ်ယာတန်ဖိုးစုစုပေါင်းကျပ် ၈၁၄ ဒသမ ၇၁ သန်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ယခင်နှစ် အလားတူကာလဖြစ်တဲ့ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ တန်ဖိုးစုစုပေါင်းကျပ် ၅၉၄ ဒသမ ၄၄ သန်းနဲ့နှိုင်းယှဉ်ရင် ကျပ် ၂၂၀ ဒသမ ၂၇ သန်းပိုမိုလာခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃၇ ရာခိုင်နှုန်း မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံလိုသူတွေအနေနဲ့ ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီတွေရဲ့ အစုရှယ်ယာတွေကို ဈေးပြိုင်စနစ်နဲ့သာမက အစုရှယ်ယာအများအပြား ဝယ်ယူခြင်း၊ ပြန်ရောင်းခြင်းများ လုပ်ဆောင်လိုပါက တင်ပြပါနည်းလမ်းများအတိုင်း ဆောင်ရွက်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။ ။

❍ ရှေ့ဖုံးမှ

နောက်တစ်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်ဘူတာကြီးသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ရန်ကုန်ဘူတာကြီးမှ မန္တလေးဘူတာသို့ လိုက်ပါစီးနင်းမည့် ခရီးသည်များအတွက် ရထားလက်မှတ်ခနှုန်းထားများ ပြောင်းလဲခြင်းမရှိဘဲ ပုံမှန်အတိုင်း ကောက်ခံပေးသွားမည်ဖြစ်သည်။ ခရီးသည်တစ်ဦးလျှင် ရိုးရိုးတန်း ၇၇၀၀ ကျပ်နှင့် အထက်တန်းထိုင်ခုံ ၂၁၀၅၀ ကျပ်ဖြစ်ကာ ယခင် ဗုဒ္ဓဟူးနေ့၊ သောကြာနေ့၊ တနင်္ဂနွေနေ့ ပုံမှန်ပြေးဆွဲပေးနေသည့်အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအိတ်အမြန်ရထားတွဲဆိုင်းကဲ့သို့ပင် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်နှင့် မန္တလေးဘူတာတို့၌ ရထားရပ်တန့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ပြေးဆွဲ**

လက်ရှိ မြန်မာ့မီးရထားမှ ရန်ကုန်ဘူတာကြီးကတစ်ဆင့် ခရီးဝေး (အမြန်ရထား)များအား ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ အစုန်အဆန်ရထားနှစ်စင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ မန္တလေးစာပို့ရထား အစုန်အဆန်ရထားနှစ်စင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၌ အစုန်အဆန်ရထားနှစ်စင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်း၌အစုန်အဆန် လေအိတ်ရထားနှစ်စင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အစုန်အဆန် အမြန်ရထားနှစ်စင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ အစုန်အဆန် အမြန်ရထားနှစ်စင်း အပါအဝင် ခရီးတိုရထားအဖြစ် ရန်ကုန်-ပဲခူး လော်ကယ်ရထား အစုန်အဆန်နှစ်စင်းတို့အား ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

သတင်း - ပွင့်သစ္စာ

ဓာတ်ပုံ - စိုးမြင့်အောင်

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## “မြန်မာနိုင်ငံ၏ ပထမဆုံးသော ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်းအပြီးသတ်ချိတ်ဆက်လုပ်ငန်းများ ဆောင်ရွက်နေစဉ် ဓာတ်အားစနစ်အတွင်း ဝန်အားလျှော့နည်းနေမည့် အခြေအနေအား အများပြည်သူသို့ ကြိုတင်အသိပေး ပန်ကြားခြင်း”

(၁၆-၁၂-၂၀၂၂)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းလိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေးအတွက်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဟန်ချက်ညီစွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံမြောက်ပိုင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသည့် ဓာတ်အားများကိုမြန်မာနိုင်ငံတောင်ပိုင်းသို့ ပို့ဆောင်ရာ၌ ဗို့အားအဆင့် ၂၃၀ ကေဗွီဓာတ်အားလိုင်းဖြင့်သာ ပို့လွှတ်လျက်ရှိရာ ဓာတ်အားစနစ်အတွင်း အရန်ဓာတ်အားလိုင်းမရှိသဖြင့် ရံဖန်ရံခါ ဓာတ်အားစနစ်အတွင်း တည်ငြိမ်မှုနည်းပါးကာ ဓာတ်အားစနစ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း (System Breakdown) ဖြစ်ပေါ်တတ်သည့်အခြေအနေမှ ကာကွယ်နိုင်ရန်နှင့် မြန်မာပြည်မြောက်ပိုင်းမှ လျှပ်စစ်ဓာတ်အားများကို တောင်ပိုင်းသို့ ပြည့်ဝစွာသယ်ဆောင်ပို့လွှတ်နိုင်ရန် ရည်ရွယ်၍ ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) - စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်းစီမံကိန်းအား ၂၀၁၃ ခုနှစ် စက်တင်ဘာလမှစတင်၍ တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ ယခုအခါ (၉၉%) ပြီးစီးနေပြီဖြစ်ပါသည်။









အဆိုပါဓာတ်အားလိုင်းအား ရာနှုန်းပြည့်ပြီးစီးနိုင်ရန်အတွက် တောင်ငူပင်မဓာတ်အားခွဲရုံတွင် အပြီးသတ်ချိတ်ဆက်ခြင်းလုပ်ငန်းများကို (၁၇-၁၂-၂၀၂၂) ရက်နေ့နှင့် (၁၈-၁၂-၂၀၂၂) ရက်နေ့များတွင် နေ့စဉ် နံနက်(၀၆:၀၀)နာရီမှ ည(၁၉:၀၀)နာရီအထိ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ် နံနက်(၀၆:၀၀)နာရီမှ ည(၁၉:၀၀)နာရီအထိ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု ဝန်အားခန့်မှန်း (၁၅၀) မဂ္ဂါဝပ်ခန့် လျော့နည်းနေမည်ဖြစ်သော်လည်း ညပိုင်းတွင် ပြန်လည်ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါသည်။ ထိုသို့နေ့လယ်ပိုင်း လုပ်ငန်းဆောင်ရွက်နေစဉ်အချိန်တွင် ဝန်အားလျော့နည်းနေသော်လည်း နိုင်ငံတော်ဓာတ်အားစနစ်ကို ထိန်းညှိမောင်းနှင်၍ ဆက်လက်ဖြန့်ဖြူးနေမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းများဆောင်ရွက်နေစဉ်အချိန်အတွင်း အချို့သောနေရာများ၌ ဝန်အားလျှော့ချခြင်းလုပ်ငန်းများကို မလွှဲမရှောင်သာ ဆောင်ရွက်သွားရမည်ဖြစ်ရာ ပြည်သူများအနေဖြင့် နားလည်ပေးနိုင်ပါရန်နှင့် ယခု ၅၀၀ ကေဗွီဓာတ်အားစနစ်ပြီးစီးပါက နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဓာတ်အားပို့လွှတ်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပနေစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်ထားသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားများကို အသွင်သဏ္ဌာန်ရောအနှစ်သာရပါ ပြည့်ဝအောင် နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်မည်ဖြစ်ရာ ယင်းကာလအတွင်း တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဝန်ထမ်းများက စီမံချက်အတိုင်း မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်းများကို လစ်ဟာမှုမရှိအောင် အထူးအရေးကြီး တာဝန်တစ်ရပ်အနေဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားများ ကျင်းပစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမည့် ဓာတ်အားခွဲရုံများကို ယမန်နေ့ ညနေပိုင်းက ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ် ထိုကဲ့သို့ တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းသို့ စစ်ဆေးစဉ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ နေပြည်တော် အင်ဂျင်နီယာချုပ် ဦးမိုးသက်၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားပြည့်ဝစွာ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုကို တင်ပြကြပြီး ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇော်ဇော်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ကြီးကြပ်သူများသည် အဖွဲ့အားလုံးအား စဉ်ဆက်မပြတ် ကွပ်ကဲစစ်ဆေးသွားရန်၊ အဖွဲ့ဝင်များကလည်း လိုအပ်သည်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်၊ အကြောင်းအမျိုးမျိုးကြောင့် ပင်မဓာတ်အားလိုင်းပြတ်တောက်ချိန်တွင် အရန်ဓာတ်အားလိုင်းဖြင့် အမြန်ဆုံးချိတ်ဆက်ဆောင်ရွက်ရန်၊ UPS များ၊ Battery Bank များ၊ Transformerနှင့် Switchgear Control Panel များ၊ အရန်ဓာတ်အားလိုင်းများနှင့် အရန်မီးစက်များကို ကြံ့ခိုင်မှုကောင်းမွန်စေရေး အလေးပေးဆောင်ရွက်ရန်၊ ဓာတ်အားဖြန့်ဖြူးမည့် နေရာများအား အမြဲမပြတ်စစ်ဆေးရန်၊ အရန်ပစ္စည်း ကိရိယာများအား အမြဲအသင့်ရှိနေစေရန်၊ လုပ်ငန်းခွင်သုံး အကာအကွယ်ဝတ်စုံများ ဝတ်ဆင်ကြရန်၊ ဓာတ်အားခွဲရုံနှင့် အရန်မီးစက်များအနီး မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ရန်နှင့် သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ရန်၊ အရန်မီးစက်များအား အမိုးအကာဖြင့် စနစ်တကျထားရှိရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရန်၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်၊ လုံခြုံရေး အသိ၊ သတိဖြင့် ဆောင်ရွက်သွားကြရန်နှင့် အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား ကုသ

နေပြည်တော် ဒီဇင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား လိုအပ်သည့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက မျက်စိဝေဒနာရှင်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် ရွှေကျင်သာသနာပိုင် သီတဂူဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏ အဓိပတိ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာပဏ္ဍိတ ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဒေါက်တာ ဉာဏိဿရ တည်ထောင်တော်မူသည့် ဆေးရုံတော် ၄၇ ခုအနက် အခု ၄၀ မြောက် အာယုဒါနဆေးရုံတော်ဖြစ်ပြီး မျက်စိဝေဒနာရှင်များအား ဒီဇင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ မျက်စိဝေဒနာရှင် ၃၀၀၀ တို့ကို မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သား ပါရဂူ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ပေးခြင်းနှင့် မျက်လုံးအစားထိုးကုသပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်အား ရွှေစင်ပြား ကိုးပြား ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၆

(၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အတွင်း ဘာသာသာသနာထွန်းကားမှုကို အထောက်အပံ့ဖြစ်စေရန်နှင့် အများပြည်သူများ ကြည်ညိုသပ္ပာယ်စွာဖူးမြော်ရန်၊ ကုသိုလ်တရားပွားများနိုင်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး ဒေါက်တာ ဒေါ်အေးခိုင်ညွန့်နှင့် တပ်မတော်(ရေ) မှ အရာရှိ၊ စစ်သည်မိသားစုဝင်များက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်အတွက် ရွှေစင်ပြား ကိုးပြား ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အရှေ့ဘက်မုခ်၌ ကျင်းပသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်တွင် ကပ်လှူပူဇော်မည့် ရွှေစင်ပြား ကိုးပြားအတွက် လှူဒါန်းငွေကျပ် ၁၄၄ သိန်းကို ဘုရားဂေါပကထံသို့ လှူဒါန်းပြီး ဘုရားဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဒီဇင်ဘာ ၁၆

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကွတ်ခိုင်မြို့နယ် ကျေးရွာများ၌ လမ်းများခင်းကျင်းမှု ရာနှုန်းပြည့်ပြီးစီး

ကွတ်ခိုင် ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေဖြင့် ကွတ်ခိုင်မြို့နယ် အတွင်းကျေးရွာများတွင် ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းခင်းကျင်းခြင်းကို ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ စတင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းများခင်းကျင်းဆောင်ရွက်ရာတွင် ၃၈ မိုင်မန်ပြိန်း-နမ့်ကျင်လီ-ပန်စံ-ပန်လော့ လမ်းအရှည် ၂ ဒသမ ၁၅ ကီလိုမီတာ ကျောက်ချောလမ်းခင်းခြင်း၊ အင်မိန်းဟိုကျန့်-မန်ထမ်-ဟွေခုတ်-တုံဆိမ်လုံလမ်း လမ်းအရှည် ၁ ဒသမ ၂၀၆ ကီလိုမီတာ ကတ္တရာလမ်းခင်းခြင်းနှင့် မူဆယ်လမ်းမ-မန်မောင်လမ်း လမ်းအရှည် သုည ဒသမ ၈၀၅ကီလိုမီတာ ကတ္တရာလမ်းခင်းခြင်းတို့ကို ၂၀၂၂ခုနှစ် ဇွန်လပထမပတ်မှစ၍ စတင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့သောင်းမြို့ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံထောက်ပံ့




နေပြည်တော် ဒီဇင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများက ကော့သောင်းတပ်နယ်ရှိ ဘုရင့်နောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် နယ်မြေခံဆေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို လိုအပ်သည့်ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ /တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scentinal)၊ Aeroqual (Series – 500 Portable Air Quality Monitor) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | |
| ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဗိုလ်တထောင်မြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း အမရပူရမြို့နယ် မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း အောင်မြေသာစံမြို့နယ် မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ညောင်ဦးမြို့ | ကောင်းမွန် | | | | | |
| ၆ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | ထိခိုက်စေနိုင် | ကောင်းမွန် | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မုံရွာမြို့ | ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင် | ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင် | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ထားဝယ်မြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ။ |
| ၆ | ကချင်ပြည်နယ် | | | | | | |
| ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မြစ်ကြီးနားမြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ။ |
| ၇ | ကယားပြည်နယ် | | | | | | |
| ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း လွိုင်ကော်မြို့ | တိုင်းတာနိုင်ခြင်းမရှိပါ။ | | | ကောင်းမွန် | | |
| ၈ | ကရင်ပြည်နယ် | | | | | | |
| ၁ | စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း ဘားအံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | မွန်ပြည်နယ် | | | | | | |
| ၁ | ဈေးချိုင်ငံအနီး မော်လမြိုင်မြို့ | ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင် | ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင် | ကောင်းမွန် | | | |
| ၁၀ | ရခိုင်ပြည်နယ် | | | | | | |
| ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း စစ်တွေမြို့ | ကောင်းမွန် | | | | | တိုင်းတာနိုင်ခြင်းမရှိပါ။ |
| ၂ | တောင်ရင်းအုပ်စု၊ တိုးချဲ့ရပ်ကွက်၊ ကျောက်ဖြူမြို့ | ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | |
| ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း တောင်ကြီးမြို့ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ။ | | | | |
| ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း တာချီလိတ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | တိုင်းတာနိုင်ခြင်းမရှိပါ။ | ကောင်းမွန် |
| ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း လားရှိုးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ။ | ကောင်းမွန် | | | တိုင်းတာနိုင်ခြင်းမရှိပါ။ | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေး ကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများ အတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# မြန်မာပြည်မြောက်ဖျားရေခဲဖုံးလွှမ်းရာ အမျိုးသားဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ခရီးသွားများကို ကြိုဆိုဖိတ်ခေါ်

**သစ္စာ(MNA)**



ပြည်တွင်း/ပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိသည့် မြန်မာပြည်မြောက်ဖျားမှ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ သဘာဝအလှများ၊ ရှုကွက်နှင့် ဇီဝကြွယ်ဝမှုများကို တွေ့ရစဉ်။ (ဓာတ်ပုံ - ကနူး)

ရေခဲဖုံးတောင်တန်းများတည်ရှိရာ မြန်မာနိုင်ငံ၏ မြောက်ဖျားအစွန်း ကချင်ပြည်နယ် နောင်မွန်းမြို့နယ်ရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဇီဝနှင့် ရှုကွက်ဗေဒကြွယ်ဝမှုကို လေ့လာလိုသူ၊ သဘာဝအလှအပကို မြတ်နိုးသူ ပြည်တွင်း/ပြည်ပ ခရီးသွားများအား ယခုပွင့်လင်းရာသီတွင် အရောက်လှမ်းလာရန် ကြိုဆိုဖိတ်ခေါ်လျက်ရှိသည်။

**ရှုကွက်နှင့်ဇီဝကြွယ်ဝမှုများကို တွေ့မြင်ခံစား**

ပွင့်လင်းရာသီတွင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဧရိယာအတွင်း ရေခဲတောင်များသို့ တောင်တက်ဝါသနာရှင်များနှင့် အပျော်တမ်းတောင်တက်အဖွဲ့များ ဒီဇင်ဘာလတွင် ပိုမိုဝင်ရောက်လျက်ရှိပြီး ရေခဲဖုံးလွှမ်းရာ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့လည်း ခရီးသွားအချို့ ဝင်ရောက်လျက်ရှိသည်။ ပြည်တွင်း/ ပြည်ပခရီးသွားများအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ လေကြောင်းဖြင့် မြစ်ကြီးနား၊ ပူတာအိုခရီးစဉ်ကို လာရောက်လည်ပတ်နိုင်ပြီး ပူတာအိုမှ နောင်မွန်းမြို့နယ်သို့ ကုန်းလမ်းခရီးဖြင့် သွားရောက်နိုင်ကာ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် အပျော်တမ်းတောင်တက်ခြင်း၊ ဆောင်းခိုငှက်များလေ့လာခြင်းနှင့် ရေခဲတောင်များနှင့် သဘာဝရှုခင်းအလှများ၊ ရေခဲတောင်သဘာဝပတ်ဝန်းကျင် ဂေဟာစနစ်အလှများ၊ ဇီဝမျိုးစုံမျိုးကွဲများ၏ ရှုကွက်နှင့်ဇီဝကြွယ်ဝမှုများကို တွေ့မြင်ခံစားလေ့လာနိုင်မည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာတစ်ခုတည်းသော ရေခဲတောင်တွေရှိတဲ့ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နဲ့ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟာ နိုင်ငံအတွက် ဂုဏ်ယူစရာနေရာတွေပါ။ ရေခဲတောင်ဧရိယာအတွင်းမှာရှိတဲ့ နို့တိုက်သတ္တဝါတွေနဲ့ အပင်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာလည်းဖြစ်ပါတယ်။ ဆောင်းခိုငှက်အပြင် ရေခဲတောင်ဂေဟာစနစ်မှာပဲ ကျက်စားတဲ့ငှက်တွေလည်းရှိတယ်။ အပင်မျိုးစုံ၊ ရှားပါးသစ်ခွနဲ့ ဟိမဝန္တာအယ်လ်ပိုင်းသစ်တောမှာပေါက်ရောက်တဲ့ ဆေးဖက်ဝင်အပင်တွေနဲ့ တောင်ဇလပ်အပါအဝင် အခြားမျိုးစိတ်များစွာ ရှင်သန်နေတဲ့နေရာတစ်ခုပါ။ သုတေသနအတွက် စိတ်ဝင်စားစရာတွေ စုဝေးနေတဲ့ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ တောရိုင်းတိရစ္ဆာန်၊ အပင်၊ ရေခဲငါးနဲ့ ငှက်မျိုးစုံကြွယ်ဝတဲ့ဒေသဖြစ်တာကြောင့် ခရီးသွားလုပ်ငန်းအတွက် အလွန်တန်ဖိုးရှိတဲ့နေရာတစ်ခုပါ။ ဒီလမှာတောင်တက်အဖွဲ့နဲ့ ခရီးသွားအချို့ ဝင်ရောက်နေပြီဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်းစတင်နေပြီလို့ပြောရမှာပါ။ အာဆီယံမှာ ရေခဲတောင်ရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာကြောင့် ပွင့်လင်းခရီးသွားရာသီမှာ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်တဲ့ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမယ်ဆိုရင် ခရီးသွားတွေ တဖွဲဖွဲဝင်နေမှာပါ။ ဒီဒေသကို ခရီးသွားအဝင်များရင် မြို့နယ်နဲ့ ကျေးရွာတွေ ဖွံ့ဖြိုးမှုမြန်ဆန်သွားပြီး ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရတဲ့အတွက် မိသားစုတွေ ဝင်ငွေတိုးလာစေမှာအမှန်ပါ"ဟု ခါကာဘိုရာဇီအမျိုးသားဥယျာဉ် သုတေသနနှင့် အသိပညာပေးလုပ်ငန်းတာဝန်ခံ ဒေါ်အယ်လ်ကေစီယွန်က ပြောသည်။

> **ပြည်တွင်း/ ပြည်ပခရီးသွားများအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ လေကြောင်းဖြင့် မြစ်ကြီးနား၊ ပူတာအိုခရီးစဉ်ကို လာရောက်လည်ပတ်နိုင်ပြီး ပူတာအိုမှ နောင်မွန်းမြို့နယ်သို့ ကုန်းလမ်းခရီးဖြင့် သွားရောက်နိုင်ကာ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် အပျော်တမ်းတောင်တက်ခြင်း၊ ဆောင်းခိုငှက်များလေ့လာခြင်းနှင့် ရေခဲတောင်များနှင့် သဘာဝရှုခင်းအလှများ၊ ရေခဲတောင်သဘာဝပတ်ဝန်းကျင်ဂေဟာစနစ်အလှများ၊ ဇီဝမျိုးစုံမျိုးကွဲများ၏ ရှုကွက်နှင့်ဇီဝကြွယ်ဝမှုများကို တွေ့မြင်ခံစားလေ့လာနိုင်မည်**

**ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်များကို လေ့လာနိုင်**

မြန်မာပြည်ရှိ ဘေးမဲ့တောများနှင့် သဘာဝရေပြင်တို့တွင် နှစ်စဉ်ဆောင်းခိုလေ့ရှိသည့် ဆောင်းခိုငှက်များသည် မြန်မာပြည်မြောက်ဖျားရှိ အလွန်မြင့်မားသောတောင်တန်းများကို ကျော်ဖြတ်ပျံသန်းရသဖြင့် ဆက်လက်ပျံသန်းနိုင်ရန် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တွင် အောက်တိုဘာလကုန်ပိုင်းနှင့် နိုဝင်ဘာလဆန်းပိုင်းတို့တွင် တစ်ပတ်မှ နှစ်ပတ်အထိ ခေတ္တဝင်ရောက်နားခိုလေ့ရှိပြီး အင်းတော်ကြီးကန်၊ အင်းလေးကန်၊ မိုးယွန်းကြီးအင်းနှင့် ဆောင်းခိုကြမည့်သဘာဝရေပြင်များသို့ ဆက်လက်ပျံသန်းလေ့ရှိကြပြီး ဆောင်းခိုငှက်များ ဆောင်းခိုရာနေရာများမှ မူရင်းဒေသသို့ ပျံသန်းစဉ် ခါကာဘိုရာဇီနှင့် ဖုန်ကန်ရာဇီမြက်ခင်းလွင်ပြင်တစ်လျှောက် မတ်လတစ်လတာ နားခိုကြကာ ခန္ဓာကိုယ်အတွက်လိုအပ်သော အစာအာဟာရများကို ဖြည့်တင်းကြ၍ ခွန်အားပြည့်ချိန်တွင် ဆက်လက်ပျံသန်းကြလေ့ရှိရာ ငှက်ဝါသနာရှင်များအနေဖြင့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီဘေးမဲ့တောသို့ လာရောက်လည်ပတ်ပြီး ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်များကို လေ့လာနိုင်သောအခွင့်အလမ်းကောင်းများကလည်း စောင့်ကြိုလျက်ရှိသည်။

နောင်မွန်းမြို့နယ်နှင့် ပန်နန်းဒင်မြို့တို့တွင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရှေ့တန်းစခန်းများထားရှိပြီး ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အား သဘာဝထိန်းသိမ်းရေးဧရိယာအဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ သုတေသနပြုတွေ့ရှိချက်များအရ သစ်ခွမျိုးစိတ်ပေါင်း ၂၀၀ ကျော်နှင့် တောင်ဆိတ်နီ၊ ရေခဲတောင်ဆိတ်၊ သွေးရစ်ငှက်၊ သားမင်း၊ ကတိုးချေ၊ ဖက်ဂျီ၊ ငပှာစ်ဝမ်းဖြူ၊ ဟိမဝန္တာရစ်၊ ကြိုးကြာခေါင်းမည်း၊ လည်ပင်းနီအောက်ချင်းငှက်၊ လိပ်ပြာနှင့် အင်းဆက်ပိုးများ၊ တောရိုင်းတိရစ္ဆာန်များစွာ နေထိုင်ကျက်စားလျက်ရှိကာ ကမ္ဘာပေါ်တွင်ကောင်ရေတစ်သောင်းကျော်သာ ကျန်ရှိသော ပန်ဒါနီမျိုးစိတ်အချို့နှင့် ရေခဲကျားသစ်မျိုးစိတ်တို့ ရှင်သန်လျက်ရှိကြောင်းသိရသည်။

**၂၇၀၃ ဒသမ ၉၅ စတုရန်းမိုင်ကျယ်ဝန်း**

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အား ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အမျိုးသားဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်၌ အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပြီး ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၀၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၇၀၃ ဒသမ ၉၅ စတုရန်းမိုင်ကျယ်ဝန်းကြောင်း သိရသည်။ ။



မြန်မာပြည်မြောက်ဖျားရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ သဘာဝအလှများ၊ ရှုကွက်နှင့် ဇီဝကြွယ်ဝမှုများဖြင့် ပြည်တွင်း/ ပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိစဉ်။ (ဓာတ်ပုံ - ကနူး)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၈၅၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၅၃,၉၃၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၄၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၀၈၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၁)ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## နည်းပညာတက္ကသိုလ်(ဘားအံ)၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ပြုလုပ်

ဘားအံ ဒီဇင်ဘာ ၁၆

နည်းပညာတက္ကသိုလ်(ဘားအံ)၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ မူးယစ်ဆေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(ဘားအံ)မှ ကျောင်းအုပ်ဆရာကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်ဇော်လတ်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၈)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှူး ရဲမှူးတင့်ဆွေက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍



လူကုန်ကူးခံရမှုဖြစ်ပေါ်လာစေသည့် အကြောင်းအရင်းများ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကိုလည်းကောင်း၊ အမှတ်(၁၀)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(ကရင်)မှ တပ်ဖွဲ့စုမှူးရဲမှူး ဟန်မွှေးက ယာဉ်မတော်တဆမှုဖြစ်စေသော အကြောင်းအရာများ၊ မော်တော်ကား (သို့မဟုတ်) မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်မမောင်းမီ စစ်ဆေးရမည့် ပစ္စည်းများကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၁)မှ ဒုရဲမှူး အောင်မြင့်ဝင်းက မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသုံးစွဲရာတွင် ဖြစ်ပေါ်နိုင်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့်ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက လူငယ်နှင့်ရည်မှန်းချက်စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောကြသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် နည်းပညာတက္ကသိုလ်(ဘားအံ)မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၅၀ တက်ရောက်ကြပြီး ဟောပြောပွဲအကြောင်းအရာများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**



## မိုးကုတ်မြို့နယ်၌ စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ဆပ်/ထုတ်စနစ်ဖြင့် ပြန်လည်ထုတ်ပေး

မိုးကုတ် ဒီဇင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ဆပ်/ထုတ်စနစ်ဖြင့် ပြန်လည်ထုတ်ချေးပေးခြင်းကို မိုးကုတ်မြို့နယ် ချောင်းကြီးကျေးရွာဓမ္မာရုံ၌ ယမန်နေ့က ဆောင်ရွက်သည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ မိသားစုဝင်ငွေတိုးစေရေးအတွက် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ချောင်းကြီးကျေးရွာ၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သုံးနှစ်ပြည့်မြောက်ပြီ ဖြစ်သည်။ စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးတို့အား ငွေကျပ် ၂၅၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးတို့အား ငွေကျပ် ၇၅ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးတို့အား ငွေကျပ် ၇၁ သိန်း စုစုပေါင်း ၅၂ ဦးတို့အတွက် ငွေကျပ် သိန်း ၄၀၀ ကို ကျေးရွာသူကျေးရွာသားများထံသို့ ယနေ့တွင် ဆပ်/ထုတ်စနစ်ဖြင့် ပြန်လည်ထုတ်ချေး ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖျာပုံမြို့နယ်၌ စီမံကိန်းသီးနှံ (ဆောင်းနေကြာ) မျိုးစေ့ချပွဲပြုလုပ်

ဖျာပုံ ဒီဇင်ဘာ ၁၆

၂၀၂၂- ၂၀၂၃ ခုနှစ်အတွင်း စီမံကိန်းသီးနှံတစ်မျိုး ဖြစ်သည့် ဆီထွက်သီးနှံ (ဆောင်းနေကြာ) စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဒေသအသီးသီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့နယ် ကိုးအိမ်တန်း ကျေးရွာအုပ်စု နောင်တော်ကြီး ကျေးရွာရှိ တောင်သူ ဦးဇော်လှိုင်ထွန်း၏ လယ်မြေ ၁၃ ဧကတွင် ဆောင်း



နေကြာမျိုးစေ့ချပွဲ ပြုလုပ်သည်။ မြို့နယ်အတွင်းတွင် ဆောင်းနေကြာ ၅၆၄ ဧက စိုက်ပျိုးမည် ဖြစ်ပြီး မျိုးသန့်မျိုးစေ့များကို တောင်သူများထံ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါ ဆောင်းနေကြာမျိုးစေ့ချပွဲ အခမ်းအနားသို့ ဖျာပုံမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

၂၀၇

**သင့်ကျန်းမာရေးအတွက် နေ့စဉ် နံနက်စောစောလမ်းလျှောက်ပေးပါ**

# မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်ရှိ အပန်းဖြေစခန်း၌ မြေပြိုမှုဖြစ်ပွား

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၆**

မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ် ဘာတန်ကာလီရှိ စခန်းချအပန်းဖြေစခန်းနေရာတွင် ဒီဇင်ဘာ ၁၆ ရက် နံနက်အစောပိုင်းက မြေပြိုမှုဖြစ်ပွားရာ အနည်းဆုံး ၁၈ ဦးသေဆုံးပြီး ၁၅ ဦးမှာ မြေပြိုမှုများအတွင်း ဖုံးလွှမ်းပိတ်မိနေကြောင်း ဒေသခံမီးသတ်ဌာနက ပြောကြားသည်။

အဆိုပါဖြစ်စဉ်အတွင်း အရေးပေါ်အကူအညီတောင်းခံမှုကို နံနက် ၂ နာရီ ၂၄ မိနစ်တွင် လက်ခံရရှိခဲ့ကြောင်းနှင့် တာဝန်ရှိသူများမှာ အခင်းဖြစ်နေရာသို့ နံနက် ၃ နာရီ ခန့်တွင်ရောက်ရှိခဲ့ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း မီးသတ်နှင့် ရှာဖွေကယ်ဆယ်ရေးဌာန ညွှန်ကြားရေးမှူး ဒါတွတ်နိုရာဇမ်ခါမစ်က ပြောကြားသည်။

၎င်းမြေပြိုမှုဖြစ်စဉ်တွင် ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အစိုးရဌာန ၁၅ ခုမှ ဝန်ထမ်း ၃၀၀ကျော်အား တာဝန်ပေးအပ်ထားကြောင်း ပြည်ထဲရေးဝန်ကြီး Saifuddin Nasution ၏ပြောကြားချက်ကို ကိုးကား၍ Bernama သတင်းအေဂျင်စီက ပြောကြားသည်။ လက်ရှိအချိန်အထိ ၆၁ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ၁၇ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သော ဓာတ်ပုံများတွင် ကြီးမားသော ရွှံ့များသည် တောင်စောင်းမှအောက် ပေ ၁၀၀ ခန့်ရှိ အပန်းဖြေစခန်း သို့ ရွေ့လျားရောက်ရှိလာပြီး၊ လမ်းကြောင်းတစ်လျှောက်ရှိ အပန်းဖြေတဲများနှင့် အဆောက်အအုံငယ်များ ပျက်စီးသွားသည်ကို မြင်တွေ့ရသည်။

ယခုဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိသူ ခုနစ်ဦးအနက် ကိုယ်ဝန်ဆောင်မိခင်တစ်ဦး ပါဝင်ကြောင်းနှင့် ၎င်းတို့အား နီးစပ်ရာဆေးရုံတွင် လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် မလေးရှားနိုင်ငံ၌ မုတ်သုံရာသီဥတုဝင်ရောက်သည့်အချိန်ဖြစ်နေသဖြင့် လာမည့်ရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းနိုင်ကာ မတော်တစ်ဆမှုများဖြစ်ပွားနိုင်ကြောင်း မိုးလေဝသဌာနက သတိပေး ပြောကြားသည်။

လက်ရှိအချိန်တွင် အခင်းဖြစ်နေရာ၌ မြေပြိုမှုများ ထပ်မံဖြစ်ပွားနိုင်သဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်သားများ ထိခိုက်မှုမရှိစေရန် တာဝန်ရှိသူများက စောင့်ကြည့်နေကြောင်း သဘာဝအရင်းအမြစ်၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီး Nik Nazmi Nik Ahmad က ပြောကြားသည်။

**ကိုးကား– စီဂျီတီအင်န်၊ ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**





# အိန္ဒိယနိုင်ငံက တာဝေးပစ်ဒုံးကျည်တစ်စင်း အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**နယူးဒေလီ ဒီဇင်ဘာ ၁၆**

အိန္ဒိယ–တရုတ်နှစ်နိုင်ငံနယ်စပ်တွင် တင်းမာမှုများ မြင့်တက်လျက်ရှိစဉ် အိန္ဒိယနိုင်ငံက နျူကလီယားလက်နက် ထည့်သွင်းပစ်လွှတ်နိုင်သည့် တာဝေးပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တာဝေးပစ်ဒုံးကျည် Agni–V ကို အရှေ့ဘက်ကမ်းရိုးတန်းပြည်နယ် ဩဒိသမှ ယမန်နေ့တွင် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ဒုံးကျည်သည် ကီလိုမီတာ ၅၀၀၀ ကျော်အကွာရှိ ပစ်မှတ်များကို တိကျစွာပစ်ခတ်နိုင်စွမ်းရှိပြီး တရုတ်နှင့် ဥရောပ၏ အစိတ်အပိုင်းအများစုသည် အဆိုပါ အကွာအဝေး အတွင်းတွင် ရှိနေသည်။

ယခုဒုံးကျည်စမ်းသပ်လွှတ်တင်မှုသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစပြီး ပထမဆုံးအကြိမ်ဖြစ်သည်။ အဆိုပါ ဒုံးကျည်ပစ်လွှတ်မှုသည် အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ တရုတ်နိုင်ငံသို့ သတိပေးချက်တစ်ခုအဖြစ် ရည်ရွယ်ထားကြောင်း ကျွမ်းကျင်သူများက ပြောသည်။

လက်ရှိတွင် နှစ်နိုင်ငံ နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုများကြောင့် ပြီးခဲ့သည့် သီတင်းပတ်က အိန္ဒိယနှင့် တရုတ်တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ နှစ်နိုင်ငံတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယစစ်တပ်က ပြောကြားခဲ့သည်။

**ကိုးကား– အင်န်အိတ်ချ်ကေ၊ ဘာသာပြန်– အောင်ကျော်ကျော်**

# တရုတ်ဆက်သွယ်ရေးကုမ္ပဏီ ဟွာဝေးက ကင်ညာနိုင်ငံ၌ အလုပ်အကိုင်ပြပွဲကျင်းပ

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၆**

တရုတ်ဆက်သွယ်ရေးကုမ္ပဏီ ဟွာဝေးကစီစဉ်သည့် အလုပ်အကိုင်ပြပွဲတစ်ခုအား ဒီဇင်ဘာ ၁၅ ရက်က ကင်ညာမြို့တော် နိုင်ရိုဘီတွင် စတင်ကျင်းပခဲ့သည်။

ကင်ညာနိုင်ငံသားလူငယ်များအလုပ်အကိုင် ရရှိစေရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ ပြပွဲသည် အလုပ်အကိုင်အခွင့်အလမ်း ၅၀၀၀ခန့်အား ကင်ညာနိုင်ငံသားများအားပေးအပ်နိုင်လိမ့်မည်ဟု ဟွာဝေးက ကြေညာခဲ့သည်။

ယခုကျင်းပသည့် အလုပ်အကိုင်ဆိုင်ရာပြပွဲသည် အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေရာတွင် လူငယ်များအား အထောက်အကူပြုပြီး လူငယ်များအကြားအလုပ်အကိုင် ရှာဖွေရေးဆိုင်ရာ စိတ်ကူးများနှင့် အတွေ့အကြုံများကို ဝေမျှခြင်းကို ဖြစ်လာစေမည်ဖြစ်ကြောင်း ကင်ညာဒုတိယသမ္မတ Rigathi Gachagua က ပြောကြားသည်။

လူငယ်များအား အလုပ်အကိုင်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်သူ အဖွဲ့အစည်းများသည် မိမိတို့၏ မိတ်ဆွေများဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယခုကျင်းပသည့် အလုပ်အကိုင်ပြပွဲသည် ကင်ညာနိုင်ငံအတွက် ခွန်အားတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း ဟွာဝေးကုမ္ပဏီ၏ ကင်ညာနိုင်ငံ ပြည်သူ့ဆက်ဆံရေးဆိုင်ရာ လက်ထောက်စီအီးအို စတီဗင်ဇန်က ပြောကြားသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**

■

# တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ ပြည်ပနိုင်ငံများ၌ လုပ်ငန်းတိုးချဲ့နိုင်ရန် ဆောင်ရွက်မည်

**ပေကျင်း ဒီဇင်ဘာ ၁၆**

တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်ပနိုင်ငံများတွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ပြည်ပနိုင်ငံများတွင် ၎င်းလုပ်ငန်းများအား ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာပြပွဲများ ပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံတကာ ကုန်သွယ်ရေးမြှင့်တင်မှုကောင်စီက ပြောကြားသည်။

၎င်းအစီအစဉ်အရ ပြည်ပနိုင်ငံရှစ်ခုတွင် ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာ ပြပွဲ ၁၅ ခုအား ၂၀၂၂ ခုနှစ် နိုဝင်ဘာမှ ၂၀၂၃ ခုနှစ်ဖေဖော်ဝါရီလအတွင်း ကျင်းပနိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း တရုတ်နိုင်ငံတကာ ကုန်သွယ်ရေးမြှင့်တင်မှုကောင်စီက ပြောကြားသည်။

၎င်းပြပွဲများတွင် အထည်အလိပ်ကဏ္ဍ၊ မော်တော်ယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်သည့်ကဏ္ဍ၊ အားကစားပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍများ ပါဝင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြပွဲခြောက်ခုကို ခင်းကျင်းပြသနိုင်ခဲ့ပြီး ပါဝင်ပြသသည့် လုပ်ငန်းများမှ အပြုသဘောဆောင်သည့် မှတ်ချက်များရရှိခဲ့ကြောင်း သိရသည်။

၎င်းပြပွဲများတွင် ပါဝင်ပြသသည့်လုပ်ငန်းများအတွက် ဈေးကွက်ရရှိစေရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါပြပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံတကာ ကုန်သွယ်ရေးမြှင့်တင်မှုကောင်စီက ပြောကြားသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၇ ဦး ထပ်မံသေဆုံး

**မနီလာ ဒီဇင်ဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၂၇ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၉၉၅ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၃၀၆ဦးထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၅၄၁၅၉ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၉၁၀ ရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၅၁၃ ဦး သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၈ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၆ သန်းကျော်အား ကိုဗစ်– ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကန်ကလေးကျေးရွာနေ စန်းစန်းမူသည် ၎င်းအသုံးပြုသည့် "San San Mu" Facebook အကောင့်၊ ပေါင်းတည်မြို့နယ် မြို့ကြီးကျေးရွာနေ ခိုင်ယဉ်အေးသည် ၎င်းအသုံးပြုသည့် "Khaing Yin Aye" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်နေ အောင်ကိုလတ်(ခ)အာဂီးလန်းသည် ၎င်းအသုံးပြုသည့် "Aung Ko Latt" Facebook အကောင့်တို့ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ကားအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်၌ တရားဝင်တင်သွင်းခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ကားတာယာ အလုံး ၁၃၀ အပါအဝင် စားသောက်ကုန်၊ လူသုံးကုန်နှင့် လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၁၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း၊ မြောင်းကြီးကျေးရွာစက်မှုဇုန်အနီး၌ လိုင်စင်မဲ့ TOYOTA Noah ယာဉ်တစ်စီးနှင့် NISSAN AD Van ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဟဲဟိုးမြို့အဝင်ဂိတ်၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်၌ အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း၊ မော်တော်ယာဉ် အပိုပစ္စည်း၊ အားကစားပစ္စည်းနှင့် အခြားလူသုံးကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၉၃၅၀၀) နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၉၃၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ကားတာယာ ၂၂ လုံး၊ ပန်းသီး ၁၀၂ ဖာနှင့် သန့်စင်ခန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၅၆၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၇၈၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၄၈၆၂၈၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



မဥမ္မာ၊ မရွှေဇင်ဦးနှင့် မဝင်းမို့မို့လွင်(ခ)မီးမီး တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မိုးညှင်း၊ မင်္ဂလာတောင်ညွန့်နှင့် တာမွေမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင် မိုးညှင်းမြို့နယ် နန့်မွန်းမြို့အဝင် ဆိုင်းဘုတ်အနီး နန့်မွန်း-ဟိုပင်သွားကားလမ်းတွင် နန့်မွန်းမြို့မှ ဟိုပင်မြို့သို့ မဥမ္မာ မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မရွှေဇင်ဦး မောင်းနှင်ပြီး မဝင်းမို့မို့လွင်(ခ)မီးမီး လိုက်ပါလာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မဥမ္မာထံမှ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုနှင့် မရွှေဇင်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ဦးအောင်မြတ်လမ်းနှင့် ကန်ရိပ်သာလမ်းထောင့်ရှိ ကန်သာယာစင်တာအတွင်း စက်လှေကားထိပ် (ပ)ထပ်တွင် ဇမ္ဗူ(ခ)ဟာဆန်းအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ အက်တက်စီဆေးပြား ၁၀၀၊ ကွင်းဆက်အရ ည ၁၁ နာရီခွဲတွင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သံသုမာလမ်း ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ အမှတ်(၆၅)၊ (ပ)ထပ်၊ အခန်း(၄)နေ ဇော်ဝင်းမြတ်(ခ)ဇေထူး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အက်တက်စီဆေးပြား ၆၇၄ ပြား၊ ကက်တမင်း သုည ဒသမ ၃၀၅၈ ကီလိုနှင့် Happy Water သုည ဒသမ ၇၅၉ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

**○ အာဆီယံဒေသတွင်းမှ**

မလေးရှားအသင်းနှင့် အိမ်ကွင်းပွဲစဉ် ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၂၁ ရက်တွင် မလေးရှားအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် စင်ကာပူအသင်းနှင့် အဝေးကွင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဇန်နဝါရီ ၃ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ပိုမိုအားထုတ်ရဖွယ်ရှိနေပြီး အိမ်ကွင်းနှစ်ပွဲစလုံး အမှားအယွင်းမရှိ အမှတ်ပြည့်ရယူနိုင်မှသာ အဝေးကွင်းပွဲများတွင် ရလဒ်ကောင်းပါက ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲအတွက် နိုဝင်ဘာ ၁၈ ရက်တွင် စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ထိုင်းခြေစမ်းခရီးစဉ်အပြီးတွင် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်ရမည်ဖြစ်သောကြောင့် သုံးဦးလျှော့ချရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း ပဏာမကစားသမား ၂၆ ဦးစာရင်းတွင် ဂိုးသမား- ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်၊ ဆန်းဆက်နိုင်၊ ထွန်းနန္ဒဦး၊ နောက်တန်း-ဒေးဗစ်ထန်၊ နန္ဒကျော်၊ ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ၊ သီဟထက်အောင်၊ ဟိန်းဇေယျာလင်း၊ ဇော်ရဲထွန်း၊ ကျော်ဇင်လွင်၊ ဝင်းမိုးကျော်၊ အလယ်တန်း-ရန်နိုင်ဦး၊ အောင်နိုင်ဝင်း၊ မြတ်ကောင်းခန့်၊ ဝေလင်းအောင်၊ ကျော်မင်းဦး၊ လင်းထက်စိုး၊ လွင်မိုးအောင်၊ ရဲရင့်အောင်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ ရှေ့တန်း-ဝင်းနိုင်ထွန်း၊ အောင်ကောင်းမာန်နှင့် နိုင်ဇင်ထက်တို့ ပါဝင်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - FAT**

# NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ ကျုံဒိုးမြို့နှင့် အနီးဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ၂၃၀ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံကို ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးမှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိသလို ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ဓာတ်အားသုံးစွဲသူ ပြည်သူများထံသို့ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကိုလည်း အကောင်အထည်ဖော် တည်ဆောက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်နေသည့်ကာလတွင် ကရင်ပြည်နယ်၊ မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ ကျုံဒိုးမြို့နှင့် အနီးဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၂၃၀ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံအား (၁၆-၁၂-၂၀၂၂) ရက်နေ့ နံနက် (၁:၃၀) နာရီတွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အများပြည်သူသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် (၅၀) အမ်ဗွီအေ ထရန်စဖော်မာ (၂) လုံး၊ (၂၀) အမ်ဗွီအေ Shunt Reactor (၁)လုံး၊ Gas Circuit Breaker (၂) လုံး၊ Lightning Arrester (၂) လုံး၊ Potential Transformer (၂)လုံး၊ ဓာတ်အားကြိုးများ၊ ဓာတ်အားထိန်းချုပ်အဆောက်အအုံနှင့် မီးစက်အဆောက်အအုံတို့ ထိခိုက်ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ပါသည်။

ထိုသို့ ဓာတ်အားပြတ်တောက်မှုကြောင့် မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ ကျုံဒိုးမြို့နှင့်အနီးဝန်းကျင်ဒေသများရှိ မီးသုံးစွဲသူ (၅၆,၃၆၃)ဦးတို့မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရပြီး မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးဂိတ်နှင့် ကုန်သွယ်ရေးဇုန်တို့တွင်လည်း လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့၍ ကုန်စည်စီးဆင်းမှုနှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ သို့ပါ၍ အဆိုပါပျက်စီးခဲ့သော ဓာတ်အားခွဲရုံကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အများပြည်သူသို့ ဖြည့်ဆည်း ပေးလျက်ရှိသည့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများအပေါ် ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ဓာတ်အားပေးစက်ရုံ၊ ခွဲရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများသို့ ဝင်ရောက်ဖောက်ခွဲပစ်ခတ်ဖျက်ဆီးမှု အကြိမ်ပေါင်း (၂၁၀)ကြိမ် ပစ်ခတ်ဖျက်ဆီး ဖောက်ခွဲခဲ့သော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူများလိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကို အမြန်ဆုံးပြန်လည်ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာနယ်မြေများရှိ လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပြုပြင်ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ 230/66/11 kV, 50 MVA Transformer Bank (2) ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ 230/66/11 kV, 50 MVA Transformer Bank (2) ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ Main-2 GCB၊ LA နှင့် BUS PT တို့၏ ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ 230 kV, 20 MVA Shunt Reactor ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ Control Room ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။



၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ၏ Control Cable နှင့် Generator House ပျက်စီးမှုအခြေအနေ မှတ်တမ်းဓာတ်ပုံ။

## ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ အေးဇော်၊ မွန်ပြည်နယ် ရေးမြို့ အဘော်ကျေးရွာနေ နေလင်း(ခ)နေသူရလင်း၊ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်မလေးနှင့် ဒေါ်ယွန်းစိန်တို့က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ မXXX၊ ၂၈ နှစ်နှင့် မXXX၊ ၁၆ နှစ်တို့အား မွန်ပြည်နယ် ရေးမြို့ရှိ ကောင်းမြတ်သာ KTVဆိုင်နှင့် ရောဝတီ(၁) KTV ဆိုင်တို့တွင် အလုပ်လုပ်ရမည်ဟု စည်းရုံးပြောဆို၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဒလမြို့မရဲစခန်း (ပ) ၁၅၇၈ / ၂၀၂၀၊ (ပ) ၁၅၇၉/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ တို့ဖြင့် အမှုရေးဖွင့်ခဲ့ပြီး တောင်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၄ ရက်တွင် တရားခံ ဒေါ်ယွန်းစိန်၊ အေးဇော်၊ နေလင်း(ခ)နေသူရလင်းနှင့် ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်မလေးတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့နယ် ဝွေးပင်စံပြကျေးရွာ၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ Mobile Financial Payment ဖြင့် ထုတ်ချေး



တပ်ကုန်း ဒီဇင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Myanmar Citizens Bank နှင့် ပူးပေါင်း၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ Mobile Financial Payment ဖြင့် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ရှားတောကျေးရွာအုပ်စု ဝွေးပင်စံပြကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီအဖွဲ့ဝင်(၂) ဦးဇေယျာလင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဝါက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်အသင်းသူ အသင်းသားများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Mobile Financial Payment ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး Myanmar Citizens Bank မှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ Mobile Financial Payment ကို အသုံးပြုကာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၁၅၃ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄၈ သိန်းကို အသင်းသား အသင်းသူတစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## မော်လမြိုင်ကျွန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်က အဖွင့်အမှာစကားပြောကြားရာ၌ မော်လမြိုင်ကျွန်းမြို့နယ်တွင် မုန်တိုင်းဘေး၊ မိုးကြိုးဘေး၊ မီးဘေး စသည့်သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့ရလျက်ရှိကြောင်း၊ သင်တန်းတက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများဖြစ်သော အသိပညာပေးရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် စည်းလုံးညီညွတ်စွာ ဦးဆောင်စည်းရုံးလမ်းပြဆောင်ရွက်သွားနိုင်ရန် ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဇာလင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်းသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်သော သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

အောင်အောင်(ပြန်/ဆက်)

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ကျင်းပ



လှိုင်လင် ဒီဇင်ဘာ ၁၆

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနတွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး လှိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှိုင်းဝေက လူငယ်နှင့် စာပေအနုပညာအကြောင်းကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသန်းငွေးက ထိန်းသိမ်းစို့လေ လွတ်လပ်ရေးအမွေ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၉၀ | ၁၉၄၀ | ၁၉၃၀ | ၁၉၀၀ | ၁၉၃၅ | ၁၉၆၀ | ၁၉၄၅ | ၁၉၂၅ | ၂၀၁၅ | ၂၀၃၀ | ၁၉၃၀ | ၁၉၄၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၇၅ | ၂၁၉၅ | ၂၇၆၀ |
| 95 Ron | ၁၉၇၅ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၅ | ၂၀၅၅ | ၂၀၅၅ | ၂၀၆၀ | ၂၂၇၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၄၈၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၃၅၀၅ |
| HSD (10 ppm) | ၂၅၀၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၀၀ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၉၆ | ၁၈၆၆ |
| 95 Ron | ၁၈၇၆ | ၁၉၄၇ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၇ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၃ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ချင်းပြည်နယ်၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၁၆**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ချင်းပြည်နယ်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ အခမ်းအနားတွင် ကုန်ကျစရိတ်အနည်းဆုံးနှင့် ထိထိမိမိဖြင့် အောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်းနှင့်ဆပ်ကော်မတီအသီးသီးက ဆောင်ရွက်မည့်အစီအမံများနှင့် ကုန်ကျစရိတ်များကိုတင်ပြ၍ ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က ဆွေးနွေးတင်ပြပြီး အခမ်းအနားတက်ရောက်လာကြသည့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အလံတင်အခမ်းအနားနှင့် စစ်ရေးပြဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့်အစီအမံများနှင့် ခန့်မှန်းကုန်ကျစရိတ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆပ်ကော်မတီအလိုက် တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က အကြံပြု ဖြည့်စွက်ဆွေးနွေးတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြို့များ၏ဖွံ့ဖြိုးတိုးတက်မှုဖြင့်တိုင်းတာ

**မြစ်ကြီးနား ဒီဇင်ဘာ ၁၆**

စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြို့များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့တွင်းလမ်းများ၊ လမ်းဘေးဝဲ/ယာနှင့် ပန်းခြံများဖြင့် ဝေဆာစိမ်းလန်းစိုပြည် သာယာလှပမှုများ၊ ရေစီးရေလာကောင်းမွန်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်ပေးနိုင်မှုစသည့်စံနှုန်းများဖြင့် တိုင်းတာရကြောင်း ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် လျာထားလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောကြားသည်။



**သန့်ရှင်းသာယာ**

ကချင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏ မြို့တော်မြစ်ကြီးနားမြို့ကို ပန်းမြို့တော်အဖြစ် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်နယ်အတွင်းရှိ မြို့များအားလုံး သန့်ရှင်းသာယာပြီး ပန်းများဖြင့် ဝေဆာစိမ်းလန်းလှပလာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်တို့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်ခဲ့သည့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၉၁) တွင် သင်တန်းသူ ပထမဆုနှင့် သင်တန်းသား ဒုတိယဆုရ ဝန်ထမ်းနှစ်ဦးတို့အား ဂုဏ်ပြုဆု ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက ရှင်းလင်းတင်ပြကြရာ ပြည်နယ် သယံဇာတရေးရာဝန်ကြီးက ဖြည့်စွက်သုံးသပ်ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မဲခေါင်-လန်ချန်းဒေသ အထူးရန်ပုံငွေဖြင့် ဆောက်လုပ်သော မြို့နယ်သိုလှောင်ရုံနှင့် အသိပညာပေးစင်တာ ဖွင့်လှစ်

**မိုင်းပျဉ်း ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ မဲခေါင်-လန်ချန်း ဒေသ အထူးရန်ပုံငွေဖြင့်ဆောက်လုပ်သော မြို့နယ်သိုလှောင်ရုံနှင့် အသိပညာပေးစင်တာဖွင့်ပွဲကို ယမန်နေ့နံနက် ၁၁ နာရီခွဲက မိုင်းပျဉ်းမြို့ မြို့နယ်သိုလှောင်ရုံနှင့် အသိပညာပေးစင်တာ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်သည် မဲခေါင်-လန်ချန်းဒေသ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်းဒေသ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်မှ ထောက်ပံ့ငွေကျပ် ၄၆၅ ဒသမ ၇၀၈ သန်းဖြင့် ပင်းတယမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် ဟိုပန်မြို့နယ်တို့၌ သိုလှောင်ရုံနှင့် အသိပညာပေးစင်တာများကို ဆောက်လုပ်ပြီးစီးခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ Second Generation ဆောက်လုပ်ရေးကုမ္ပဏီမှ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထံသို့ မိုင်းပျဉ်းမြို့နယ် သိုလှောင်ရုံနှင့် အသိပညာပေးစင်တာဆိုင်ရာ အချက်အလက်များ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုင်းပျဉ်းမြို့ရှိ မီးသတ်တပ်ဖွဲ့စခန်းသို့ သွားရောက်၍ ယာဉ်၊ စက်များကို ကြည့်ရှုစစ်ဆေးကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်ရာ မိုင်းပျဉ်းမြို့ မီးသတ်တပ်ဖွဲ့စခန်း တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ခရီးသွားလုပ်ငန်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း

**မုံရွာ ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထင်ရှားသည့်ခရီးစဉ်ဒေသများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်အေးချမ်းသာယာစွာ လာရောက်လည်ပတ်ကာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများရရှိစေရန် ရည်ရွယ်၍ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၁၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှေးဟောင်းယဉ်ကျေးမှု**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အဆင့်အတန်းမီကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး ဟိုတယ်ဝန်ထမ်းများ အရည်အသွေးပြည့်ဝစေရန် လိုအပ်သည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးကော်မတီဝင်များအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မိမိတို့၏ ဘိုးဘွားအမွေအနှစ် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန်နှင့် ဒေသခံပြည်သူများ အကျိုးရှိစေမည့်လုပ်ငန်းများကို လုပ်ဆောင်ရင်း ခရီးသွားလုပ်ငန်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ခရီးသွားဇုန် ခြောက်ဇုန်တွင် ဧည့်သည်ဝင်ရောက်မှုအနေဖြင့် ပြည်တွင်းခရီးသွား ၁၀၃၁၄၄ ဦး၊ ပြည်ပခရီးသွား ၁၃၂၇ ဦး စုစုပေါင်း ၁၀၄၄၇၁ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 6 Lesson 4 : Let's go shopping

**I. Write how much or how many to complete the questions.**

1. ________________ stars are there in the sky?
2. ________________ people live on islands?
3. ________________ birds are there?
4. ________________ water is in the ocean?
5. ________________ money is in a bank?
6. ________________ countries are there in the world?
7. ________________ bread is eaten per day?
8. ________________ bones are there in the human body?
9. ________________ sand is in the deserts?
10. ________________ information is on the internet?

**II. Fill in the blanks with 'much' or 'many'.**

1. How _____________ legs does a spider have?
2. How _____________ milk does your cow give?
3. The game will be over soon. There isn't _____________ time left.
4. I have told you this _____________ times before.
5. There's not __________food in the fridge for you.
6. Her mother added _________ items to the list later.
7. He is getting bald. He doesn't have _____hair left on his head.
8. __________people drive cars these days.
9. I don't have _________ money in my pocket.
10. _________ animals live in the jungle.

**III. Fill in the blanks with 'a few' or 'a little'.**

1. I like to eat ________ food before I sit down to study.
2. I have only ________ coins in my pocket.
3. COOK the food in ______oil.
4. He has given me ______books to read.
5. There is ______milk left for making tea.

**IV. Complete the questions with how much or how many.**

1. ______lemonade have we got? We've got only one bottle.
2. __________bottles of juice are int the fridge? Three.
3. __________meat do we have? We have got two steaks.
4. __________bananas have we got? We haven't got any.
5. ________________ sugar have we got? Enough.
6. ________________ bread do we need? Two loafs of bread.
7. _____________ pens are in your bag? Six.
8. ____________money have we got? We haven't got a lot.
9. ________________ bikes are there in the garden? Two.
10. __________children have they got? Two girls and a boy.

******************************

*Answer: Lesson 4 : Let's go shopping*

*I. 1. How many; 2. How many; 3. How many; 4. How much; 5. How much; 6. How many; 7. How much; 8. How many; 9. How much; 10. How much;*

*II. 1. Many; 2. Much; 3. Much; 4. Many; 5. Much; 6. Many; 7. Much; 8. Many; 9. Much; 10. Many;*

*III. 1. a little; 2. a few; 3. a little; 4. a few; 5. a little;*

*IV. 1. How much; 2. How many; 3. How much; 4. How many; 5. How much; 6. How much; 7. How many; 8. How much; 9. How many; 10. How many;*

*V. 1. Tom found a watch. 2. When Tom found a watch, he was playing with his friends. 3. Tow wanted to wear it to school. 4. Tom showed his mother the watch he found. 5. Tom and his mother made a sign that said "WATCH FOUND" with a picture of the watch to find the owner of the watch. 6. Tom was happy because he gave the watch back to the owner.*

*******************

## Grade 7

**ပြီးခဲ့တဲ့တစ်ပတ်မှာ Wh မေးခွန်းပြုလုပ်နည်း လေ့ကျင့်ခန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Unit 5 သင်ခန်းစာနဲ့သက်ဆိုင်တဲ့ Do, Play, Go အသုံးပြုနည်းများအပါအဝင် Must နဲ့ have to အသုံးပြုပုံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။**

### Do, Play, Go အသုံးပြုနည်း

'Do yoga? Play yoga? Go yoga?'

ယောဂကျင့်တယ်လို့ ရေးသားရာတွင် ကြိယာကို do (or) play (or) go သုံးရမှာလား။

We use the verbs play, do and go with sports and activities. Here is the information you need to know to use them correctly:

အားကစားနှင့် လုပ်ဆောင်ချက်များကို ဖော်ပြရာတွင် play, do, go ကြိယာများကို သုံးလေ့ရှိပါတယ်။ သို့သော် မည်သည့်အားကစား၊ လုပ်ဆောင်ချက်တွေမှာ play, do, go ကြိယာတွေကို သုံးရသလဲဆိုတာ သေချာသိဖို့လိုပါတယ်။ အောက်ပါတို့ကို လေ့လာကြည့်ပါ။

### play

Play is used with ball sports or competitive games where we play against another person:

Play ကို ဘောလုံးအားကစားတွေကို ဖော်ပြရာတွင် သုံးရပါတယ်။ တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ကစားရတဲ့ ကစားနည်းများကို ဖော်ပြရာတွင် play ကိုသုံးပါတယ်။

'How often do you play tennis?' – tennis is a ball sport.

ဥပမာ– မင်းတင်းနစ်ကို ဘယ်နှကြိမ်ကစားသလဲလို့ မေးတဲ့အခါမှာ play ကို သုံးပါတယ်။ တင်းနစ်က ဘောလုံးအားကစား တစ်ခုဖြစ်နေလို့ပါ။

'I don't like playing computer games.' – again, computer games are competitive so we use play.

ကျွန်တော် ကွန်ပျူတာဂိမ်းကစားရတာ မကြိုက်ပါဘူး။ ဒီဝါကျမှာလည်း ကွန်ပျူတာဂိမ်းက တစ်ဦးနှင့်တစ်ဦး အနိုင်ရဖို့ ယှဉ်ပြိုင်ကစားရတဲ့ကစားနည်းတစ်ခုပါ။ ဒါကြောင့် play ကို သုံးရပါတယ်။

### do

Do is used for a recreational activity or a non–team sport that does not use a ball:

Do ကို အပန်းဖြေမှုဆိုင်ရာ လုပ်ဆောင်ချက်တွေဖော်ပြရာမှာသုံးတယ်။ အစုအဖွဲ့နဲ့မဟုတ်ဘဲ တစ်ဦးတည်း တစ်ယောက်တည်း လုပ်ဆောင်တဲ့ အားကစားတွေကို ဖော်ပြရာမှာလည်း do ကိုသုံးတယ်။

'I heard that you do karate.' – karate is a non–team activity.

မင်း ကရာတေးကစားတယ်လို့ ငါကြားတယ်။ ဒီဝါကျမှာ ကရာတေးက အစုအဖွဲ့လိုက်ကစားရတာမဟုတ်ဘဲ တစ်ဦးတည်း တစ်ယောက်တည်းလုပ်ဆောင်ရတဲ့ အားကစားဖြစ်တဲ့အတွက် do ကို သုံးရပါတယ်။

'I do crossword puzzles in my free time.' – crossword puzzles are not competitive.

အားလပ်ချိန်မှာ စာလုံးဆက်တဲ့ကစားနည်းကို ကစားတယ်။ ဒီဝါကျမှာ စာလုံးဆက်တဲ့ကစားနည်းက အနိုင်ရဖို့ ယှဉ်ပြိုင်ရတဲ့ ကစားနည်း တစ်ခုမဟုတ်တဲ့အတွက် do ကို သုံးရပါတယ်။

### go

Go is used with activities that end –ing. We go somewhere to do something:

–ing နဲ့ဆုံးတဲ့ လုပ်ဆောင်ချက်တွေကို လုပ်ဆောင်တယ်လို့ ဖော်ပြတဲ့အခါ go ကို သုံးရပါတယ်။

ဥပမာ။ ။'I'm going fishing on Sunday.' (တနင်္ဂနွေနေ့မှာ ကျွန်တော်ငါးမျှားသွားမယ်။)

'Are you going skiing this winter?' (ဒီဆောင်းရာသီမှာ နှင်းလျှောစီးမှာလား။)

'She said she was going swimming.'(ရေသွားကူးနေခဲ့တယ်လို့ သူပြောသွားတယ်။)

**(A)do, go or play? – Choose the correct words. (do, go, play တို့ကို ရွေးချယ်ပါ။)**

(1) swimming _____________
(2) table–tennis _____________
(3) athletics _____________
(4) jogging _____________
(5) hiking _____________
(6) handball _____________
(7) judo _____________
(8) surfing _____________
(9) a crossword _____________
(10) a game _____________

**(B)Choose the correct verb to complete each sentence with "do" or "play" or "go". (do, play or go တို့ကို ဝါကျများတွင် ဖြည့်စွက်ပါ။)**

(1) Do you want to __________hiking with me?
(2) Have you ever __________ice–hockey?
(3) I find __________ yoga to be very relaxing.
(4) They __________ sailing yesterday.
(5) __________chess is a good mental exercise.
(6) She __________aerobics at the gym.
(7) I __________athletics at school.
(8) People __________ cricket.
(9) They __________gymnastics.
(10) You __________golf.
(11) They __________fishing.
(12) I __________swimming twice a week.
(13) You __________football.
(14) You __________skiing.
(15) You __________rugby.

* * * * * * * * * * * * * * * *

### Must နှင့် Have to အသုံးပြုနည်း

Must နှင့် have to တို့ဟာ modal verbs တွေဖြစ်ပါတယ်။ သူတို့တွေရဲ့ အသုံးပြုပုံတွေကို အောက်မှာ ဖော်ပြထားပါတယ်။ သေချာဂရုတစိုက် လေ့လာမှတ်သားပါ။

**Must** = ရမည်

Must ကို တစ်စုံတစ်ခုလုပ်ဆောင်ရန် လိုအပ်သည် ဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးရပါတယ်။

ဥပမာ။ ။ I must get up early tomorrow morning.
We must send the patient to hospital right now.
You must do it.
Students must arrive in class on time.
You must stop when the traffic lights are red.

**Have to** = ရသည်။

(have to V1) ကို မဖြစ်မနေလုပ်ဆောင်ရတယ်လို့ အဓိပ္ပာယ်နဲ့ သုံးရပါတယ်။

ဥပမာ။ ။ I have to send an urgent email.
I have to take this book back to the library.
She has to sell her car.
We have to kill the mad dog.

Must နဲ့ have to တို့ရဲ့ ကွာခြားချက်ကို လေ့လာကြည့်ပါ။

**Must** = ရမည်

* တစ်စုံတစ်ရာလုပ်ဆောင်ဖို့ လိုအပ်ကြောင်း ဖော်ပြတဲ့အခါ must ကို သုံးပါတယ်။

**Have to** = ရသည်

* အခြေအနေတစ်ခုကြောင့် မလုပ်မဖြစ် လုပ်ရတဲ့သဘောကို ဖော်ပြတဲ့အခါ have to ကို သုံးပါတယ်။ ။

## Grade 8

### Unit 7
### Lesson 4: Camping and trekking

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. He told us a very a_____________ story.
2. This book is an essential g_______________ for international travellers.
3. She is drawing a beautiful l_____________ painting.
4. She quickly ran off leaving her b____________ behind.
5. He has an a______________ ability to learn new languages.
6. The t__________ they live in was made of goat's skin.
7. D_______________ is the last month of the year.
8. She said g_____________ before she left.
9. I got an i_______________ to her birthday's party.
10. Last week, we had a t____________ to the seaside with my family.

**II. Supply the correct form of the verbs given in brackets.**

1. (send) I __________ you a postcard when I reach at Ngapali beach.
2. (arrange) Ma Ma _______ the flowers in the vase now.
3. (go) We __________ for a walk in the park every evening.
4. (join) Would you like to ___________ us for dinner?
5. (worry) Calm down! It is OK. Don't ____________ about that.
6. (need) I ______________ a dictionary to find the meaning of this word.
7. (hope) I ________ you will come to my birthday party.
8. (enjoy) He ___________ swimming in the sea.
9. (say) Go and ___________ goodbye to them.
10. (accept) He ___________ the present I gave yesterday.
11. (decline) Su May ________ my invitation to the party.

**III. Supply the correct form of the words given in brackets.**

1. (send) Do you know the _____________ of this letter?
2. (receive) Actor Kyaw Kyaw is the ___________ of more Academy Awards than any other actors.
3. (excite) The story our grandpa told us last night was very ____________.
4. (excite) His hands shook with ________________.
5. (excite) We were so ______________ that we couldn't sit still.
6. (guide) We hired a _____________ for our trip to the mountains.
7. (know) Library is a treasure–house of _____________.
8. (address) The ______________'s name was spelled incorrectly on the letter.
9. (permit) He asked ___________ to leave the room.
10. (invite) I'm afraid I can't accept your _____________.

**IV. Complete the following sentences with the words given below. There are two extras.**

| | | | |
|---|---|---|---|
| exciting | landscape | experience | |
| tents | camping | address | invitation |

1. Where is my ______________ book?
2. We set up ______________ before dark.
3. She declined an ________________ to dinner.
4. It was an _________________ game.
5. This is a beautiful ________________ painting.

**V. Fill in at, on, in, for, from, to or until.**

1. They met in the park ___________ seven and stayed _____________ ten.
2. My sister was born _________ the third of July 2003.
3. She started working for the company _________ 2006.
4. We are leaving __________ Saturday __________ the afternoon.
5. I'll call you back ____________ about ten minutes.
6. The next train leaves ____________ eight from platform two.
7. He came home from work late ____________ night.
8. We are usually on holidays __________ July or August.
9. They watched television __________ six __________ nine.
10. I've been playing golf ___________ about four hours.
11. We always visit our grandparents ____________ Saturdays.
12. The concert started _____________ 8 p.m.
13. I haven't seen her ______________ weeks.
14. We are not at home _____________ the moment.
15. They waited ______________ for her.

**VI. Choose the correct answer: 'to' or 'for'.**

1. I bought this present ____________ (to / for) you.
2. Go ____________ (to / for) work.
3. Did your mom cook dinner ___________ (to / for) you?
4. No, she just made a sandwich ________ (to / for) me.
5. Go __________ (to / for) a walk.
6. Don't jump __________ (to / for) conclusions!
7. Please make a reservation __________ (to / for) us at the restaurant.
8. You will have to report that _____ (to / for) the director.
9. Go ____________ (to / for) school.
10. Go ____________ (to / for) bed.
11. He is going __________ (to / for) Nay Pyi Taw.
12. It is up ____________ (to / for) date.
13. I will cook _________ (to / for) you if you would like.
14. He always loved ____________ (to / for) sing.
15. I want ____________ (to / for) talk with you.

**VII. Complete the question with the correct word. Read the answers.**

1. _____________ colour is your hair? It's black.
(A) What (B) Where (C) When (D) Who
2. ___________ are my glasses? They are on your head.
(A) What (B) Where (C) When (D) Who
3. ____________ do you visit your friends? On Sundays.
(A) What (B) Where (C) When (D) Who
4. ______________ is the Headmaster? U Khin Maung.
(A) What (B) Where (C) When (D) Who
5. ______________ old is your father? He is 60.
(A) What (B) How (C) Where (D) When
6. _____ do you have English class? On Tuesday and Friday.
(A) What (B) How (C) Where (D) When
7. ____________ does your mother work? Because we need money
(A) Who (B) Why (C) How many (D) How old
8. ___________ children are there in your classroom? 4 children
(A) Who (B) Why (C) How many (D) How old
9. _____________ do you play chess? Every weekend
(A) Who (B) How often (C) How many (D) How old
10. ______________ does he usually eat for breakfast? A cup of coffee and bread
(A) What (B) When (C) How many (D) Who

*********************

**Answer:**

Lesson 4: Camping and trekking

**I.** 1. adventure; 2. guide; 3. landscape; 4. backpack; 5. amazing; 6. tent; 7. december; 8.goodbye; 9. invitation; 10. trip;

**II.** 1. will send; 2. is arranging; 3. go; 4. join; 5. worry; 6. need; 7. hope; 8. enjoys; 9. say; 10.accepted; 11. declined;

**III.** 1. sender; 2. receipiet; 3. exciting; 4. excitement; 5. excited; 6.guide; 7. knowledge; 8.addressee; 9. permission; 10. invitation;

**IV.** 1. address; 2. tents; 3. invitation; 4. exciting; 5. landscape;

**V.** 1. at, until; 2. on; 3. in; 4. on, in; 5. at; 6. at; 7. at; 8. in; 9. from, to; 10. for; 11. on; 12. at; 13.for; 14. at; 15. for;

**VI.** 1. for; 2. to; 3. for; 4. for; 5. for; 6. to; 7. for; 8. to; 9. to; 10. to; 11. to; 12. to; 13. for; 14. to;15. to;

**VII.** 1. What; 2. Where; 3. When; 4. Who; 5. How; 6. When; 7. Why; 8. How many; 9. How often; 10. What;

*********************

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Lesson 3: Producing A Television Show နှင့် Lesson 4: Two Words Of Wisdom သင်ခန်းစာတွေနဲ့ သက်ဆိုင်တဲ့ မေးခွန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson–5: Penicillin နှင့် Lesson–6 Musical Instruments သင်ခန်းစာတွေနဲ့ သက်ဆိုင်တဲ့ မေးခွန်းများကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။

**Review exercises on Lesson–5: Penicillin & Lesson–6 Musical Instruments**

**I. Give a suitable word to complete each sentence.**

1. A m____ is used to examine bacteria.
2. Alexander Fleming was a medical s_____.
3. Nyi Lay is very i_____. He can solve the sums in a short time.
4. Penicillin can kill deadly m____ in our body.
5. A_____ kill only microbes, not white cells.
6. Penicillin is a wonderful d_____ of Fleming.
7. A xylophone is a p_____ instrument.
8. Reading gives us knowledge and p____.
9. We can produce s_____ by striking two things.
10. Some wind instruments are made of b_____.

**II. Supply the correct form of the word given in brackets.**

1. (discover) Alexander Fleming wa a _____ of Penicillin.
2. (succeed) What is a key to _____ in life.
3. (bear) What is your date of _____?
4. (serious) Grandpa is _____ ill; he should see a doctor.
5. (medicine) All of them are _____ students.
6. (wind) It is _____ today.
7. (skill) He is a _____ footballer.
8. (guitar) I would like to be a _____.
9. (wood) There is a _____ bridge across the creek.
10. (air) The rooms are light and _____.

**III. Supply the correct form of the verb given in brackets.**

1. (receive) Did you _____ his message last night?
2. (discover) Penicillin _____ by Alexander Fleming.
3. (know) May I _____ your address, please?
4. (work) My sister _____ in this company since last three years.
5. (serve) He _____ for the country as a teacher for 4 years.
6. (blow) Only when air _____ into the trumpet, it produces music.
7. (put) I _____ much sugar in my coffee.
8. (sing) We all _____ "Happy Birthday" to her on her previous birthday.
9. (press) Please, _____ the button to start the machine.
10. (vibrate) Every time a train went past, the walls _____.

**IV. Answer the following.**

1. When and where was Alexander Fleming born?
2. How many kinds of cells are there in our blood?
3. What are bacteria?
4. How many kinds of musical instruments are there?
5. How can we make music?

***************

**Answer:**

**I.** 1. microscope; 2. student; 3. intelligent; 4. microbes; 5. Antibiotics; 6. discovery; 7. percussion; 8. pleasure; 9. sound; 10. bamboo;

**II.** 1. discoverer; 2. success; 3. birth; 4. seriously; 5. medical; 6. windy; 7. skillful; 8. guitarist; 9. wooden; 10. airy;

**III.** 1. receive; 2. was discovered; 3. know; 4. has worked; 5. has served; 6. is blown; 7. put; 8. sang; 9. press; 10. vibrate;

**IV.** 1. Alexander Fleming was born in Scotland, in 1881. 2. There are two kinds of cells in our blood. 3. Bacteria are microbes which attack our bodies and cause illness or make us ill. 4. There are three kinds of musical instruments. 5. We can make music by singing or by playing musical instruments such as the violin, the piano, the organ or the harp.

++++++++++++++

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉–၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။



## ရွှေသောင်ယံမြို့ရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ရှိ သံဃာတော်လေးပါး၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၄၁ ဦးတို့ကို ယနေ့တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်နယ်မြေခံဆေးအဖွဲ့က အဆိုပါမြို့ရှိ အမှတ်(၂) ရပ်ကွက် အသောကာရာမ မန်ကျည်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ဆီးချို သွေးချိုရောဂါ၊ အရိုး/ အကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာပညာရေးဒီဂရီကောလိပ်၌ လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့နယ်၌ လူကုန်ကူးမှု အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မိတ္ထီလာ ပညာရေး ဒီဂရီကောလိပ်ရှိ ပညာပါရမီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှု အသိပညာပေး ဟောပြောပွဲတွင် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ စိတ်(မိတ္ထီလာ)မှ ဒုတိယရဲမှူးသိန်းထိုက်အေးက ပြည်တွင်း/ ပြည်ပသို့ ပို့ဆောင်ကျူးလွန်လျက်ရှိသည့် လူကုန်ကူးမှု ဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုတို့၏ ခြားနားချက်များ၊ ရွှေ့ပြောင်းသွားလာခြင်းမှ လူကုန်ကူးမှု ဖြစ်ပေါ်လာပုံ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှု ခံရသောကြောင့် ရရှိနိုင်သော ဆိုးကျိုးများအကြောင်းနှင့် အသစ်ပြဋ္ဌာန်းထားသော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပါ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းတို့ကိုဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် သင်တန်းသူ သင်တန်းသားများက သိလိုသည်များကို မေးမြန်းရာ ဒုတိယရဲမှူးသိန်းထိုက်အေးက ပြန်လည်ဖြေကြားခဲ့သည်။



ယင်းနောက် တပ်ဖွဲ့ဝင်များက ဟောပြောပွဲသို့ တက်ရောက်လာကြသူများအား လူကုန်ကူးမှု အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ မိတ္ထီလာပညာရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုလတ်ထွေး၊ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုအေးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကဝမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး ထပ်ဆင့်ရှင်းလင်း

**ကဝ ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ မဲစာရင်းမှန် ကန်စေရေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် Cross Check စစ်ဆေးခြင်း ဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦးက မဲစာရင်းမှန်ကန်စေရေး၊ မြေပြင်ရှိ လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ မှတ်ပုံတင် နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ထပ်နေသူများနှင့် စပ်လျဉ်း၍ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦးနှင့် တာဝန်ရှိသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ကော်အရှင်အဖွဲ့နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မဲစာရင်းမှန်ကန်စေရေးအတွက် မဲဆန္ဒရှင်စာရင်းများကို Cross Check စစ်ဆေးခြင်းလုပ်ငန်း One Unit အတွက် ဆောင် ရွက်နေမှုများကို ကြည့်ရှုကြသည်။



အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးစိုးဦး၊ ကဝမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်/ကျေးစာရေးများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သုခဝိဟာရ(သရက်ကုန်း)ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မဟာဗောဓိဗုဒ္ဓဂါယာကျောင်းတိုက်၊ တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်နှင့် အောင်မြေဗောဓိ ဓမ္မရိပ်သာအလိုတော်ပြည့်ကျောင်းတိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ သဒ္ဓမ္မသိဒ္ဓိ ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ နမ့်ချပ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ သံဃာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလိုတော်ပြည့် ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဖားအောက်တောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သာသနာ့ဝန်ဆောင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ပါရမီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နန်ပေါင်လေယာဉ်ကွင်းရှောင်လမ်း အဆင့်မြှင့်တင်မှု ၆၅ ရာခိုင်နှုန်း ပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားလမ်းဘေးရှိ နန်ပေါင်လေယာဉ်ကွင်းအား ရှောင်ကွင်းသွားလာနိုင်ရန်အတွက် နန်ပေါင်လေယာဉ်ကွင်းရှောင်လမ်း အဆင့်မြှင့်တင်မှု ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ကချင်ပြည်နယ် လမ်းဦးစီးဌာနမှ သိရသည်။

နန်ပေါင်လေယာဉ်ကွင်း ရှောင်လမ်းသည် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်တွင် တည်ရှိပြီး လေယာဉ်ကွင်းကို ရှောင်ကွင်းသွားနိုင်ရန်အတွက် ၁၉၉၇ ခုနှစ်တွင် လမ်းအူကြောင်းရှာ၍ ဖောက်လုပ်ထားခြင်းဖြစ်သည်။

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ (၀.၃၃၀) ဧက၊ မြေကွက်အမှတ်(ဥ–၄၀၀၈)၊ TZTM ကုမ္ပဏီ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်သီသီတင် အဖအမည် ဦးဝင်းတင်[၁၂/လမတ(နိုင်)၀၀၈၈၁၀]မှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၉၆၄)၊ ဧရိယာ (၀.၀၅၅ ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉၆၄)၊ ဦးကျော့လမ်းနှင့် ဒဂုံရွှေမျှား(၂)လမ်းထောင့်၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက် ပိုင်ဆိုင်ကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဒေါ်ကြည်အေး (DI-၀၄၃၃၂၇) [၁၂/ဗဟန(နိုင်)၀၇၁၁၈၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**ဖုန်း– ၀၉–၄၃၁၆၃၄၀၅**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအင်ဂျာထွယ်ဘူ [၁/မကန(နိုင်)၁၆၃၃၃၈]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း– ၀၉–၇၈၄၄၃၂၂၈၆**

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ နယ်မြေ(၆)၊ အမှတ် (ဒကသ–၂၈/၆)နေ အဖ ဦးအင်နန်းဇော်ခွန်း၏သား မောင်အင်နန်းဇော်မန်း [၁/မကန(နိုင်)၂၆၉၃၄၂]၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈–၉–၂၀၀၃) ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၁၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်–၆ ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ ၄–လွှာ၊ အခန်းအမှတ် (အေ–၃)၊ အကျယ် (၁၈'x၅၄')ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၂၈–၉–၂၀၂၂)ရက်စွဲပါ "တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်ကြသည့် (၁) ဒေါ်သိန်းသိန်းအေး [၁၀/မလမ(နိုင်)၀၁၉၃၅၁]၊ (၂) ဒေါ်နွေးနွေးဝင်းအောင် [၁၂/ဒပန (နိုင်)၀၆၂၂၈၈] တို့က မိမိတို့တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးကျော်မင်းနိုင်** |
| **အထက်တန်းရှေ့နေ(စဉ်–၄၈၉၃၃)** | **အထက်တန်းရှေ့နေ(စဉ်–၄၈၈၈၀)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "တိုက်ခန်းအရောင်းအဝယ်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်"

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၄၉–လမ်း၊ တိုက်အမှတ် (၉/၁၁) (၄)လွှာ၊ အခန်းအမှတ်(B–4)၊ ခြေရင်းဘက်အခြမ်း (၂၄ပေx၆လက်မx၅၈ပေ)ရှိ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းဆီ [၁၀/မလမ(နိုင်)၁၇၇၀၇၉] ကိုင်ဆောင်သူမှ အရှုပ်အရှင်း အပေါင်အနှံကင်းရှင်းကြောင်း ဝန်ခံပြီး ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်စိုး [၁၂/မဂတ(နိုင်) ၀၀၉၉၈၁]မှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား (၁၅–၁၂–၂၀၂၂)ရက်တွင် ပေးချေပြီးဖြစ်ရာ ဖော်ပြပါတိုက်ခန်းနှင့်စပ်လျဉ်းပြီး အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှ ရက်သတ္တပတ်တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ် အပြီးသတ်စာချုပ်ပြုလုပ်ချုပ်ဆို၍ ငွေပေးချေလက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထွန်းအောင်ကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၀၇၈/၀၂)**
**အမှတ်–၃၃၊ (ပ)ထပ်၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း–၀၉–၅၁၁၄၇၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၁၀၁၇)၊ မြေကွက်တည်နေရာအမှတ်(၁၀၁၇)၊ ကျောက်စိမ်းလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဇော်ထွန်း (C/RGN–၀၀၈၄၁၈) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးဇော်ထွန်းအား တရားပြိုင်ထားကာ ဦးလှမြင့်ဌေး၊ ဦးသိန်းဆောင်တို့မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၃၄/၂၀၂၁)ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့ခြင်းအပေါ် မြေနှင့်အိမ်အပါအဝင် ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁–၂–၂၀၂၂)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ် (၆၃/၂၀၂၂)တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားရုံးအမိန့်များ၊ ဂရန်၊ နိုင်ငံကတ်၊ ဘီလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ –၂၀)
### ဗိုလ်တထောင်ခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၆၀၅

| | | |
|---|---|---|
| မယမင်းတိုး | နှင့် | ဦးကျော်စွာထက် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/မြောက်)ရပ်ကွက်၊ ရတနာပုံ (၄)လမ်း၊ အမှတ်(၃၀၆)နေ ဦးကျော်စွာထက် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု"ကို လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်)နေ့ မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## လုပ်ငန်း၏အမည်နှင့် အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ICON TNS CO., LTD (ကုမ္ပဏီမှတ်ပုံတင်အမှတ် 124181542)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အောက်ဖော်ပြပါ အမှတ်တံဆိပ်အမည်၊ အမှတ်အသားအား ကုမ္ပဏီမူပိုင်ဖြစ်ကြောင်း ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ စာချုပ်မှတ်ပုံတင်အမှတ်–၆၉၂၆/၂၀၂၂ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်–

**စာချုပ်မှတ်ပုံတင်အမှတ်–၉၆၂၆/၂၀၂၂**

အထက်ပါလုပ်ငန်း၏ အမည်၊ အမှတ်တံဆိပ် အမှတ်အသားဖြင့် ကုမ္ပဏီလုပ်ငန်းများကို ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်၊ အမှတ်အသားဖြင့်ပင် ကုမ္ပဏီနှင့်သက်ဆိုင်သော LETTER HEAD များ၊ ဆိုင်းဘုတ်၊ ကြော်ငြာစာစောင်များနှင့် လုပ်ငန်းဆိုင်ရာလိုအပ်သော ကိစ္စအရပ်ရပ်ကို အစဉ်အမြဲ ကုမ္ပဏီ၏မူပိုင်အနေဖြင့် အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါကုန်ပစ္စည်းများထုပ်ပိုးပေးမည့် အိတ်ပုံစံအမျိုးမျိုးပေါ်တွင် ၎င်းအမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ဖြင့် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဖော်ပြပါအမှတ်တံဆိပ်အမည်၊ အမှတ်အသားများကို အခြားမည်သူကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင်၊ တုပပြုလုပ်သုံးစွဲခြင်းများကို မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက ကုမ္ပဏီ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာမှုအပေါ် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးချမ်းမွန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၄၇)**
**အမှတ်(၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ မင်္ဂလာသုခလမ်း၊ အမှတ်–(၇၀/၇၁)၊ အခန်းအမှတ်(၀၀၂)ဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားပိုင်ဆိုင်ကာ အကျိုးခံစားလျက်ရှိသည့် ရောင်းချသူ ဒေါ်စန္ဒာဝင်း [၃/မဆန(နိုင်)၀၀၂၄၄၀]မှ မိမိသာပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည့်အတွက် ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယမင်းထွေး [၁၂/လမတ(နိုင်)၀၃၀၁၂၄]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဇင်မာနွယ် (LL.B,D.B.L,D.I.L,D.M.L)** | **ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၃၇၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇)** |

**The Solution Power Law Firm – အမှတ်(၉၃၆)၊ ရွှေနှင်းဆီ (၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ် (၂)လမ်း၊ အမှတ်(၈)ရှိ ၂ ခန်းတွဲ ၆ ထပ်တိုက်မှ ပထမထပ် (ခြေရင်းခန်း) အလျားxအနံ(၁၂ ½'x၅၀')ရှိတိုက်ခန်းကို ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ချောအိအိငြိမ်း [၁၂/စခန(နိုင်)၀၀၁၆၄၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားများယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာဆွေ (BA, HGP, RL)**
**အထက်တန်းရှေ့နေ(စဉ်–၁၆၄၂၀)**
**တိုက်(၃၅)၊ အခန်း(၅)၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၇၉၂၇၂၀၂၁၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၃၊ မြေကွက်အမှတ်–၃၇/က³၊ ဧရိယာ (၀.၀၆၁) ဧကရှိ မြေပိုင်မြေကွက်ကို ဒေါ်ကြည်ကြည်စိုး (၁၂/သဃက (နိုင်) ၀၃၃၈၅၆) ၊ ဦးကျော်စွာဝင်း (၁၄/ပသန (နိုင်) ၂၀၂၇၈၄) တို့ထံမှ ဒေါ်ဇင်မာဦး (၁၂/သဃက (နိုင်) ၂၀၃၆၃၈)၊ ဦးကျော်စွာဝင်း (၁၂/ဥကတ (နိုင်) ၂၁၇၅၃၄) တို့က ဝယ်ယူထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနှစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဇင်မာဦး၊ ဦးကျော်စွာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ –
ဦးသိန်းထိုက် **(LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၃၇)
အမှတ်–၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၀၂၈၁၆၁

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ တိုက်အမှတ်–(၄၅၉/၄၆၉)၊ အခန်းအမှတ်(ဂျီ–၅/အက်ဖ်–၅) တွင်နေထိုင်သူ ဒေါ်ကြည်ကြည်ဝင်း (ခေတ္တ–အိန္ဒိယ) (၁၂/ပဇတ(နိုင်)၀၁၆၉၈၂) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

အထက်ဖော်ပြပါလိပ်စာတွင် နေထိုင်ခဲ့သူ ဦးနာသန် (ခ) ဦးတင်ဝင်း (၁၂/ပဇတ(နိုင်) ၀၀၆၂၈၃)၊ မြန်မာနိုင်ငံသား၊ ဗုဒ္ဓဘာသာကိုးကွယ်သူသည် အိန္ဒိယနိုင်ငံ၊ ချန်နိုင်းမြို့တွင် (၁၀.၁၁.၂၀၂၂)ရက်နေ့က ကွယ်လွန်ခဲ့ပြီး၊ ဦးနာသန်(ခ)ဦးတင်ဝင်း ကွယ်လွန်ပြီးနောက် ၎င်း၏အမည်ဖြင့် အောက်ပါပစ္စည်းများ ကျန်ရှိနေခဲ့ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်အမှတ်(၂)၊ ဧရာဝတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊ လူနေရပ်ကွက်အမှတ်–စက်မှုမြေကွက်အမှတ်(၇၂၉)–ဧရိယာ(၀.၀၆၆)ဧကရှိ ဂရန်မြေကွက်အမှတ်(ဒဂ–စက်မှု–၃၄၆/၉၆)နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ် Steel Structure အဆောက်အဦ။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ အင်္ဂလုံးကျေးရွာအုပ်စု၊ ကွင်းအမှတ်– ၃၈၁(ဒေးပါလ)၊ ဦးပိုင်အမှတ်(၆၈)–ဧရိယာ(၀.၂၆)ဧက၊ ဦးပိုင်အမှတ်(၆၉)–ဧရိယာ(၀.၃၈)ဧက၊ ဦးပိုင်အမှတ်(၇၀)–ဧရိယာ(၀.၃၀)ဧက၊ ဦးပိုင်အမှတ်(၁၀၇/၂)–ဧရိယာ(၀.၀၆)ဧက၊ ဦးပိုင်အမှတ်(၅၉)–ဧရိယာ(၀.၂၈)ဧကရှိ ဥယျာဉ်ခြံမြေနှင့် ရွာမြေအမျိုးအစားမြေကွက်များ။

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ တိုက်အမှတ်(၄၅၉/၄၆၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀–ဂျေ၃)၊ နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ (၈)ခန်းတွဲ(၈)ထပ်တိုက် အခန်းအမှတ် (ဂျီ–၅/အက်ဖ်–၅) တိုက်ခန်းများ။

အထက်ဖော်ပြပါ တိုက်ခန်းများ၊ မြေကွက်များနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ဦးနာသန်(ခ)ဦးတင်ဝင်း အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး၊ ဦးနာသန်(ခ)ဦးတင်ဝင်း ကွယ်လွန်ပြီးနောက် ဖော်ပြပါပစ္စည်းများသည် ၎င်း၏တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း(၁၂/ပဇတ(နိုင်)၀၁၆၉၈၂)မှ မြန်မာဗုဒ္ဓဘာသာဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းများ၊ မြေကွက်များနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း (၁၂/ပဇတ(နိုင်)၀၁၆၉၈၂)မှလွဲ၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း တို့အပြင် ဝင်ရောက်နေထိုင်ခြင်း၊ ကျူးကျော်ခြင်းများ ပြုလုပ်နိုင်မည် မဟုတ်ပါကြောင်းနှင့် အကယ်၍ တားမြစ်ချက်များအား ပြုမူဆောင်ရွက်ခဲ့ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစောတာကပေါ (LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်–၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉၄၄၈၀၀၃၃၂၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ သခင်ဗဟိန်းလမ်း၊ မြေကွက်အမှတ် (၇၇/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၆ပေx၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ် (၂၀)၊ သခင်ဗဟိန်းလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ (မှန်ခန်း) (ခေါင်းရင်းခြမ်း) တိုက်ခန်းအကျယ်အဝန်း (၁၂ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဦးအောင်ထွေး [၁၂/ကမန(နိုင်)၀၁၁၃၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အဆိုပါတိုက်ခန်းတန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ယခုဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသိန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညွှန့်ညွှန့်သန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၁၉)**
**အမှတ် ၃၂၀၊ ရာဇာဓိရာဇ်လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09–401526880, 09–260983331**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂–ရပ်ကွက်၊ ဟသ်ာလမ်း၊ အမှတ်–၂၄၄/၁၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၄/၂၊ မြေကွက်အမှတ်–၂၄၄/၁၊ အကျယ် (၄၀'× ၄၆') ရှိ ဒေါ်မြင့်မြင့်စိုး၊ ဒေါ်လှလှဌေး အမည်ပေါက် နှစ် (၆၀) ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဒေါ်မြင့်မြင့်စိုး၊ ဒေါ်လှလှဌေး တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း မူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၅၈)
အမှတ် – ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၀၆၄၆၆၇၊

## ပုဂ္ဂလိကဝါးစိုက်ပျိုးမည့် လုပ်ငန်းရှင်/ဒေသခံများသို့ အသိပေးကြော်ငြာချက်

ပြည်တွင်းစက္ကူလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝါးစိုက်ပျိုးပြီး ဝါးပျော့ဖတ်ဖြင့် စက္ကူထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကဝါးစိုက်ခင်းများ တည်ထောင်ရန် နိုင်ငံတော်မှ အားပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝါးစိုက်ခင်းများကို သစ်တောဦးစီးဌာန၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသော သစ်တောမြေများတွင်လည်းကောင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင်လည်းကောင်း၊ ကိုယ်ပိုင်ဥယျာဉ်ခြံမြေများတွင် လည်းကောင်း သက်ဆိုင်ရာဌာနအသီးသီး၏ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရယူ၍ စိုက်ပျိုးတည်ထောင်နိုင်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနအနေဖြင့် ဝါးစိုက်ပျိုးရန် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်၊ ဒေသခံပြည်သူများအား သစ်တောဦးစီးဌာန၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသော သစ်တောမြေများအတွင်း ဝါးစိုက်ခင်းများ လာရောက်တည်ထောင်ရန် ဖိတ်ခေါ်အပ်ပါသည်။ ဝါးစိုက်ခင်းတည်ထောင်ရန် စိတ်ပါဝင်စားသူများ အနေဖြင့် ညွှန်ကြားရေးမှူးချုပ်ရုံး၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်သို့ အမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်စသည့် ကိုယ်ရေးအချက်အလက်များဖော်ပြပြီး Bank Statement မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ စိုက်ပျိုးလိုသည့်ဧက၊ စိုက်ပျိုးမည့် ဝါးအမျိုးအစား၊ စိုက်ပျိုးလိုသည့်တည်နေရာ (သင့်လျော်သောကြိုးဝိုင်း၊ အကွက်အမှတ်)တို့ဖော်ပြ၍ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**သစ်တောဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာ

မြန်မာ့အဏ္ဏဝါစွမ်းအားရှင်ဂရု(ပ်) (အက်စ်)ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်သူဒါရိုက်တာအဖွဲ့လူကြီးများအား (၄-၁၁-၂၀၂၂) ရက်တွင် ပြုလုပ်သည့် ဒါရိုက်တာအဖွဲ့စည်းဝေးမှ များရာဆန္ဒမဲဖြင့် အဆုံးအဖြတ်ပြု၍ ပြန်လည်ဖွဲ့စည်းခဲ့ပြီး၊ (၁၂-၁၁-၂၀၂၂) ရက်တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ထပ်မံအတည်ပြုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ထပ်မံဖွဲ့စည်းထားသည့် ဒါရိုက်တာအဖွဲ့ လူကြီးများ၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဦးမင်းသီဟထူး (ဥက္ကဋ္ဌ)
(၂) ဒေါ်စန္ဒာအောင် (တွဲဖက်ဥက္ကဋ္ဌ)
(၃) ဒေါ်ချယ်ရီထရီဗီးဒီး (အမှုဆောင်အရာရှိချုပ်)
(၄) ဦးမြင့်သန်း(အဖွဲ့ဝင်)
(၅) ဒေါ်မြကေခိုင်(အတွင်းရေးမှူး) တို့ဖြစ်ကြပါသည်။

သို့ပါ၍ ဤကုမ္ပဏီနှင့် ဆက်သွယ်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ကုမ္ပဏီရုံးတယ်လီဖုန်းအမှတ်၊ ၀၉- ၉၅၈၉၈၈၄၃၁ နှင့် ၀၉-၉၇၁၅၂၅၄၇၈ ထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်သဏ်း (စဉ်-၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၀/၂၂)၊ အလံပြဘုရားလမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ဖုန်း-၀၉-၄၂၈၀၅၈၀၄၄**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅၊ ရွှေရတနာလမ်း၊ မြေကွက်အမှတ်-၄၇ ဟုမှတ်သားတည်ရှိသော ဦးညွန့်မောင်[၁၂/သကတ(နိုင်)၀၃၇၉၅၂]အမည်ပေါက် ပါမစ်မြေအမျိုးအစား(အလျား၄၀ပေ x အနံ၆၀ပေ) အကျယ်ရှိသည့်အနက်မှ မြေကွက်အမှတ်(၄၉)နှင့် ကပ်လျက်တည်ရှိသည့် (အလျား၂၀ပေ x အနံ၆၀ပေ)မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရေမီးစုံနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်စပယ်လှိုင်[၁၂/သဃက(နိုင်)၀၃၉၈၈၃] မှ ပိုင်ဆိုင်ကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်နိုင်ဦး[၁၂/မရက(နိုင်)၁၄၃၅၈၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်နိုင်ဦး** | **ဦးအောင်မျိုးခင်(LL.B)** |
| **[၁၂/မရက(နိုင်)၁၄၃၅၈၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၁)** |
| | **ဖုန်း-၀၉-၂၅၂၄၁၉၄၉၃** |

## "ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၅၉/ခ)၊ ဧရိယာ(၀.၀၃၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၅၉/ခ)၊ မင်းရဲကျော်စွာလမ်း၊ (၇/၈)ရပ်ကွက်၊ ရွှေပြည်သာ၊ ဒေါ်သဇင်နွယ်[၁၂/လမန(နိုင်)၁၄၇၅၅၃] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်သဇင်နွယ်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၃၇/၂၃-၂-၂၀၁၈)ရရှိသူ ဦးမြင့်အောင်[၁၂/အစန(နိုင်)၁၃၉၄၄၃]မှ ဂရန်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်-၄၉/၂၀၂၂ (၃-၁၀-၂၀၂၂)တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာပါသည်။ (၂၀၁၅) ခုနှစ်တွင် ဘဏ်ချေးမြေပုံကူးယူထားခြင်းအား အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမြင့်အောင်မှ ၎င်းဝယ်ယူသည်မှာ (၂၀၁၈)ခုနှစ်ကဖြစ်သောကြောင့် အဆိုပါဘဏ်တွင် အမှန်တကယ်ငွေချေးယူခဲ့ပါက ၎င်းလက်ဝယ်တွင် မြေငှားဂရန်မူရင်းရှိနိုင်မည်မဟုတ်ကြောင်း အထက်ပါမြေကွက်နှင့် ပတ်သက်၍ မည်သည့်ဘဏ်ကမှ ကန့်ကွက်တားမြစ်စာတင်သွင်းထားခြင်းမရှိပါသဖြင့် အဆိုပါဘဏ်ချေးမြေပုံနှင့် ပတ်သက်၍ တစ်စုံတစ်ရာပြဿနာပေါ်ပေါက်လာပါက ဦးမြင့်အောင်မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကတိသစ္စာပြုလွှာအမှတ်-၃၉၂၄/၂၀၂၂ (၃၁-၁၀-၂၀၂၂) ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တွင် အင်္ဂလိပ်အထူးပြု -၂၀၁၉-၄အ-၅၁-(၀၂၆)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်သန့်ဇင်ထွန်း၏ ဖခင် ဦးဟံထွန်း(ခ) ဦးဟန်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟံထွန်း(ခ)ဦးဟန်ထွန်း**

**ကိုချစ်ကို**
အိမ်ခြံမြေအကျိုးဆောင်မှ
ဒဂုံမြို့သစ် (မြောက်ပိုင်း/တောင်ပိုင်း/အရှေ့ပိုင်း/ဆိပ်ကမ်း)မြေကွက်များ
ဈေးကောင်းပေးဝယ်ပါသည်။
ပွဲခပေးရန်မလိုပါ။
**09-5094084**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရန်အေးလမ်း၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ်(၁၃)၊ အခန်းအမှတ်(၂၁)အား အမည်ပေါက် ဦးသိန်းဝင်း BGE-၀၀၈၁၁၆ [၁၂/ရကန(နိုင်)၀၂၁၄၅၄] ထံမှ ဦးသန်းမင်း[၁၂/လမန (နိုင်) ၀၆၂၆၆၁]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက် အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၂၉၉)၊ မြေကွက်တည်နေရာအမှတ်(၂၉၉)၊ ကင်းဝန်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဖိုးမြ(TRY-၀၆၅၀၅၅)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် ဦးဖိုးမြ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မေ[၁၂/ဥကတ(နိုင်)၀၈၀၃၈၀]မှ မိမိသည်သာ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော ဇနီး/မယားတစ်ဦး တစ်ယောက်မျှ မရှိပါကြောင်း၊ မိမိသည်သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း) ဦးဖိုးမြသေစာရင်း၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ မြေကွက်ခွဲစိတ်ရန်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်နှင့် ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊တာမွေမြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက်၊ကျားကွက်သစ်လမ်း၊တိုက်အမှတ်(၆)ဟုခေါ်သည့် (၂)ခန်းတွဲ(၈½)ထပ် ဓါတ်လှေကားပါရှိသည့် ကန်ထရိုက်တိုက်၏ (ဒုတိယထပ်/၃-လွှာ)(ခေါင်းရင်းခန်း)တိုက်ခန်း အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအား မြေပိုင်ရှင်(၂)ဦးရှိသည့်အနက်မှ ပူးတွဲမြေပိုင်ရှင်တစ်ဦးဖြစ်သူ-ဒေါ်မေစိုးယု(၁၂/တမန(နိုင်)၀၇၅၃၈၂)တစ်ဦးတည်းက တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
### သဃ်န်းကျွန်းခရိုင်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၆၄

ဒေါ်မေသဇင်ပြည့်ဖြိုး — **တရားလို** — နှင့် — ဦးအောင်စည်သူ — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်သစ်ရပ်ကွက်၊ အနန္တမေတ္တာဘုရားလမ်း၊ အမှတ်(၁၀)နေ ဦးအောင်စည်သူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်၊ (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လုလုသောင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဖြူးကုန်းကျေးရွာအုပ်စု၊ မြို့လုကျေးရွာနေ ဦးစိုးမြင့်[၇/ပမန(နိုင်)၀၆၀၉၅၃]နှင့် ဒေါ်စန်းနွဲ့[၇/ပမန(နိုင်)၀၂၃၆၄၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးစိုးမြင့်နှင့် ဒေါ်စန်းနွဲ့တို့၏ သားဖြစ်သူ မောင်သောင်းကျော်မင်း [၇/ပမန(နိုင်)၁၄၅၄၂၅]သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများ စိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ် အခါခါ ပြုလုပ်နေပါသဖြင့် ယနေ့ သတင်းစာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သော ကိစ္စအရပ်ရပ်အား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုရီ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၂၇၁)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၇၅၅၁၄၅၄၃၉**

## အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ ပဒံကျေးရွာလမ်းနှင့် ပဒံကျေးရွာ(၁)လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(1/Bမြစိမ်းရောင်အိမ်ရာ)၊ မြေကွက်အမှတ်(၁၉/A + ၁၉/B) တွင် (၁)ထပ် Steel(Pitch Roof)၊ (ကလေးကစားစရာပစ္စည်းသိုလှောင်ရုံ) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ် ပါမစ်မြေအမည်ပေါက် စလေစူး(ခ)နိုင်နိုင်မွန်[၁၂/လမတ(နိုင်)၀၂၃၂၅၀]မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု(၃)နှစ်သက်တမ်း ပါမစ်မြေအမျိုးအစား အထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၉၇၀/ခ)၊ အလျား(၂၀)ပေ x အနံ(၆၀)ပေရှိ ဦးထွန်းရှိန်အမည်ပေါက် ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဦးမင်းသန့်(ခ)မင်းဌေး[၁၂/မဘန(နိုင်)၀၀၂၁၃၁] မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်ချို (ခ) ဒေါ်မြကြည်[၁၂/တမန(နိုင်)၀၃၃၄၆၄]မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆင့်ဆင့်ဦး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၉၉)**
**အမှတ်(၅၁)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်းအရှေ့၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၃၀၈၅၆**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့ကွက်သစ်၊ အေးသာယာ၊ တော်ဝင်(၁၉)လမ်း၊ မြေကွက်အမှတ်(L/၂၉၀)၊ မြေအကျယ် (၄၀x၆၀)ပေရှိ ဦးသန်းမြိုင်အမည်ဖြင့် ရရှိထားသော မြေကွက်အား မူလပိုင်ရှင် ဦးသန်းမြိုင် (SRM-၀၃၀၂၀၄) ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ကြောင်း လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည်ဟု အဆိုပြုပြောဆိုသူ ဒေါ်အေးအေးမာထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြဝင်း[၁၂/သလန(နိုင်)၀၇၁၆၈၉] ကိုင်ဆောင်သူက (၃၀-၇-၂၀၁၃)ရက်တွင် လက်ရောက်ဝယ်ယူပိုင်ဆိုင်၍ ယနေ့အချိန်ထိ ခြံစည်းရိုးကာရံကာ လက်ရှိအကျိုးခံစားလျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်း (မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သော်သော်လင်း (LL.B)** | **ဒေါ်စိုးစိုးကြည်(LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၀၈၂၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၇)** |

**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ (၂၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၁၂၄၆/ခ၊ (အလျားxအနံ) (၂၀x၆၀)ပေ၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေနှင့်အိမ်ကို မြေအမည်ပေါက် ဒေါ်မြသိန်း[၁၂/ဥကတ(နိုင်)၁၁၆၀၆၈]၏ သားသမီးမြေးများဖြစ်သော (ဒေါ်မြပို+၄)ဦး တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ (ဒေါ်ခင်မြင့်ကြည်+၁) က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများတကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၁၃)**
**အမှတ်-၂၄၆၊ ၅ လမ်း၊ ၁/က ရပ်ကွက်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၂၁၄၇၇**

## ယာဉ်အမှတ်- 4F/5396 Toyota Belta/ 2008၊ အမည်ပေါက်ပိုင်ရှင် ဒေါ်စန္ဒာထွန်း [၁၂/စခန(နိုင်) ၀၄၄၅၀၉] ၏ သဘောတူညီခွင့်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းမပြုစေရန် အများသိစေရန် ကြေညာခြင်း

အထက်ပါမော်တော်ယာဉ်သည် ဒေါ်စန္ဒာထွန်း [၁၂/စခန(နိုင်) ၀၄၄၅၀၉]က အမည်ပေါက်ပိုင်ဆိုင်သည့် မော်တော်ယာဉ်ဖြစ်ပါသည်။ ဒေါ်စန္ဒာထွန်းသည် ဦးလေးဖြစ်သူ ဦးစိုးမိုးနိုင် [၁၂/ဒဂတ(နိုင်)၀၁၉၄၂၇]မှ တစ်ဆင့် ဒေါ်ခင်မျိုးသက် [၁၂/ဥကတ(နိုင်) ၀၃၁၉၅၂]၊ အိမ်အမှတ်(၆၁)၊ (၁၇)လမ်း၊ (၆၂လမ်း x ၆၃လမ်း)၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ယခုလိပ်စာမသိ)အား ရန်ကုန်တိုင်းဒေသကြီးအတွင်း မောင်းနှင်ရန် (၃-၉-၂၀၂၁)ရက်စွဲဖြင့် မော်တော်ယာဉ်ငှားရမ်းခြင်း ကတိစာချုပ်ကို ချုပ်ဆိုငှားရမ်းခဲ့ပါသည်။ ဒေါ်ခင်မျိုးသက်သည် စပေါ်ငွေ(၃.၅)သိန်း (သုံးသိန်းငါးသောင်း) နှင့် (၁)လအတွက် ငှားရမ်းခ(၃.၅)သိန်း(သုံးသိန်းငါးသောင်း) ကိုသာပေးသွင်းခဲ့ပါသည်။ နောက်ပိုင်း(၁၄)လခန့်ကြာသည့်တိုင်အောင် ဒေါ်ခင်မျိုးသက်သည် ငှားရမ်းခကိုလည်း ပေးသွင်းခြင်းမရှိ၊ မော်တော်ယာဉ်ကို ပြန်လည်ပေးအပ်ခြင်းမရှိဘဲ တိမ်းရှောင်နေခဲ့ပါသည်။ ဒေါ်ခင်မျိုးသက်သည် (၂-၁၁-၂၀၂၂) ရက်တွင် ဒေါ်စန္ဒာထွန်းထံ ဖုန်းဖြင့်ဆက်သွယ်ပြီး (၁၀) ရက်အတွင်း မော်တော်ယာဉ်(သို့) ကာလတန်ဖိုးဖြင့် ပေးလျော်မည်ဖြစ်ကြောင်း ဆက်သွယ်ကတိပေးခဲ့ပါသည်။ သို့သော် ယနေ့အချိန်ထိ ၎င်း၏ ကတိအတိုင်း တစ်စုံတစ်ရာဆောင်ရွက်ခြင်းမရှိပါသဖြင့် ယာဉ်အမှတ်- 4F/5396 Toyota Belta/ 2008 မော်တော်ယာဉ်ကို လက်ဝယ်ရှိသူသည် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်စန္ဒာထွန်းထံ ယနေ့မှစ၍ (၃)ရက်အတွင်း လာရောက်အပ်နှံပါရန် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်စန္ဒာထွန်း၏ သဘောတူခွင့်ပြုချက်မရဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း မပြုပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

အကယ်၍ ပိုင်ရှင်ဖြစ်သူ ဒေါ်စန္ဒာထွန်းထံသို့ အထက်ပါမော်တော်ယာဉ်အား လာရောက်အပ်နှံခြင်းမပြုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၈၂)**
**အမှတ်-၉/၁၁၊ အခန်း(၃၀၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ခြင်းဖြစ်...**

❖ **ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြ....**

❖ **ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဆုနဲ့ လွဲခဲ့ရတဲ့ ခရိုအေးရှား မော်ရိုကိုကိုနိုင်ပြီး တတိယနေရာနဲ့ အဆုံးသတ်ခွင့်ရနိုင်မလား




၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားခဲ့ပြီးချိန်မှာ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ပြင်သစ်အသင်းနဲ့ ၂၀၁၄ ခုနှစ် ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဒုတိယအနေနဲ့ ကျေနပ်ခဲ့ရတဲ့ အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး တတိယလုပွဲအဖြစ် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ ခရိုအေးရှားအသင်းနဲ့ မော်ရိုကိုအသင်းတို့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ခရိုအေးရှားအသင်းဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ အာဂျင်တီးနားအသင်းကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ကမ္ဘာ့ဖလား နှစ်ကြိမ်ဆက်တိုက် ဆီမီးဖိုင်နယ်အဆင့်နဲ့အထက်

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖**



ဒီဇင်ဘာ ၁၁ ရက်က မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ခြေစမ်းကစားကြစဉ်။

## အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံး AFF Cup ပြိုင်ပွဲ ဒီဇင်ဘာ ၂၀ ရက် စတင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သော 2022 AFF Cup ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် လက်ရှိချန်ပီယံ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ မြန်မာ၊ လာအိုအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

ဒီဇင်ဘာ ၂၀ ရက်တွင် ပြိုင်ပွဲပထမနေ့အဖြစ် ကမ္ဘောဒီးယားအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဘရူနိုင်းအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(ခ)တွင် ကျရောက်နေသည့် မြန်မာအသင်းသည် အုပ်စုပထမပွဲကို ဒီဇင်ဘာ ၂၁ ရက်တွင် ကစားရမည်ဖြစ်ပြီး

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ○**

**ယနေ့ ဖတ်စရာ**

**မြန်မာပြည်မြောက်ဖျား ရေခဲဖုံးလွှမ်းရာ အမျိုးသားဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှ ခရီးသွားများကို ကြိုဆိုဖိတ်ခေါ်**

စာမျက်နှာ » ၁၁



**တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ ပြည်ပနိုင်ငံများ၌ လုပ်ငန်းတိုးချဲ့နိုင်ရန် ဆောင်ရွက်မည်**

စာမျက်နှာ » ၁၃

**လေ့လာစရာ အင်္ဂလိပ်စာ**

စာမျက်နှာ » ၁၈၊ ၁၉

**နန်ပေါင်လေယာဉ်ကွင်း ရှောင်လမ်း အဆင့်မြှင့်တင်မှု ၆၅ ရာခိုင်နှုန်း ပြီးစီး**

စာမျက်နှာ » ၂၀